ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)
နေပြည်တော်

စာအမှတ်၊ ကဥပ- ၃၃၉ (ခ) /၂၀၁၇ /၃၀၀၈
ရက်စွဲ၊၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလ ၆ ရက်

"ညွှန်ကြားချက် - ၂၉/၁၇"

အကြောင်းအရာ။ Dangerous Goods (အန္တရာယ်ရှိသောကုန်ပစ္စည်းများ) မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ရာ၌ ယာဉ်ပေါ်တွင် ပါရှိရမည့်ပစ္စည်းများ၊ မတော်တဆမှုဖြစ်ပွားခြင်း နှင့် အရေးပေါ်အခြေအနေ ဖြစ်ပေါ်ခြင်းများတွင် လိုက်နာရမည့်အချက်များ

ရည်ညွှန်းချက် ။
(၁) ဤဦးစီးဌာန၏၂၁.၃.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၈(ခ)/၂၀၁၇/ ၆၂၃၊ ရုံးအမိန့်အမှတ်၊ လုပ်ငန်း- ၂၇/၁၇
(၂) ဤဦးစီးဌာန၏၂.၅.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၉(ခ)/၂၀၁၇/ ၈၉၈၊ ညွှန်ကြားချက်- ၁၁/၁၇
(၃) ဤဦးစီးဌာန၏၂.၅.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၉(ခ)/၂၀၁၇/ ၈၉၉၊ ညွှန်ကြားချက်- ၁၂/၁၇
(၄) ဤဦးစီးဌာန၏၁.၆.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၉(ခ)/၂၀၁၇/ ၁၃၆၁၊ ညွှန်ကြားချက်- ၁၆/၁၇

၁။ ရည်ညွှန်းချက်ပါစာများအရ ဤဦးစီးဌာနအနေဖြင့် Dangerous Goods (အန္တရာယ်ရှိသောကုန်ပစ္စည်းများ) ကို မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် လိုက်နာရမည့်အချက်များအားလည်းကောင်း၊ သယ်ဆောင်သည့် မော်တော်ယာဉ်များတွင် ယာဉ်အမှတ်အသား၊ ကွန်တိန်နာအမှတ်အသား၊ တိုင်ကီအမှတ် အသားတပ်ဆင်ရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် အမှတ်တံဆိပ်ကပ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုန်တင်ကုန်ချခြင်း နှင့်စပ်လျဉ်း၍လည်းကောင်း ရုံးအမိန့်/ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။

၂။ အထက်အပိုဒ်(၁)ပါသတ်မှတ်ချက်များအပြင် အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်တစ်စီးချင်းစီအနေဖြင့် **(နောက်ဆက်တွဲ-က)**ပါသတ်မှတ်ထားသည့်ပစ္စည်းများ မဖြစ်မနေပါရှိရမည်ဖြစ်ပါသည်။

၃။ ထို့ပြင် Dangerous Goods (အန္တရာယ်ရှိသောကုန်ပစ္စည်းများ) အား မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်စဉ် မတော်တဆမှုဖြစ်ပွားခြင်းနှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းများတွင် **(နောက်ဆက်တွဲ-ခ)** ပါအတိုင်းလည်းကောင်း၊ အဆိုပါ ကုန်ပစ္စည်းများ၏ အမှတ်တံဆိပ်(Label) နှင့် အမှတ်အသားပြအချပ် (Placard) အမျိုးအစားအလိုက် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများ၊ ဝိသေသလက္ခဏာများနှင့် စပ်လျဉ်း၍ **(နောက်ဆက်တွဲ-ဂ)** ပါအတိုင်းလည်းကောင်း၊ အခြားအမှတ်အသားများ (Other Marks) အလိုက် အန္တရာယ်ဖြစ်ပေါ်နိုင်သည့်အခြေအနေများ၊ ဝိသေသလက္ခဏာများနှင့် စပ်လျဉ်း၍ **(နောက်ဆက်တွဲ-ဃ)** ပါအတိုင်းလည်းကောင်း ယာဉ်မောင်းများနှင့်ယာဉ်လုပ်သားများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နောက်ဆက်တွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) ပါသတ်မှတ်ချက်များအား ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်မောင်းများနှင့်ယာဉ်လုပ်သားများ သိရှိလိုက်နာနိုင်ရေးအတွက် ပညာပေးခြင်း၊ အသိပေးကြေညာခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို အလေးထားဆောင်ရွက်သွားကြရန် ညွှန်ကြားပါသည်။

၅။ လက်အောက်ခံရုံးများအနေဖြင့် လက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြားရန်နှင့် အသင်းများအနေဖြင့် ဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများသို့ လိုအပ်သလိုညွှန်ကြားကြပ်မတ် ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

၆။ ရည်ညွှန်းချက်(၂)ပါ ညွှန်ကြားချက်၏ အပိုဒ် (၄) အား ဤညွှန်ကြားချက်ဖြင့် ပယ်ဖျက်လိုက်သည်။

**ပူးတွဲ။** နောက်ဆက်တွဲ(က) - (၁) ရွက်
နောက်ဆက်တွဲ(ခ) - (၂) ရွက်
နောက်ဆက်တွဲ(ဂ) - (၅) ရွက်
နောက်ဆက်တွဲ(ဃ) - (၁) ရွက်

(signature) ၆/၁၁/၁၇

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ထင်ကျော်၊ ညွှန်ကြားရေးမှူး)

၁။ ............................ **ဦးစီးမှူး။**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊**
**............................ရုံး၊ ........................မြို့။**

၂။ ............................ **ဦးစီးမှူး။**
**လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊**
**............................ရုံး၊ ........................မြို့။**

၃။ ဥက္ကဋ္ဌ၊ ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်း
လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ။

၄။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။

၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်း။

၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။

၇။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း။

၈။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း။

မိတ္တူကို

ဥက္ကဋ္ဌ၊ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)
ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး)
ညွှန်ကြားရေးမှူး(စီမံ၊ ကမ၊ ကဒ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ၊ ကလ)
အင်ဂျင်နီယာချုပ်
ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများအားလုံး
ရုံးချုပ်ရှိဌာနခွဲများ
လက်ခံစာတွဲ
မျှောစာတွဲ

## ADR ၊ အခန်း (8.1.5) သတ်မှတ်ချက်နှင့်အညီ ယာဉ်ပေါ်ပါရှိရမည့်ပစ္စည်းများ

၁။ သယ်ယူပို့ဆောင်ရေးယာဉ်ပေါ်တွင် ပါရှိရမည့်ပစ္စည်းများ

(က) ယာဉ်နှင့်ကုန်စုစုပေါင်းအလေးချိန်၊ ဘီး၏အချင်းတို့နှင့်ကိုက်ညီသည့် ဂျမ်းတုံး။

(ခ) အသင့်ထောင်ထားနိုင်သောအန္တရာယ်သတိပေးအမှတ်အသား (၂)ခု။

(ဂ) မျက်စိဆေးမည့်အရည်။

(ဃ) မီးသတ်ဆေးဗူး။

၂။ ယာဉ်ပေါ်ပါဝန်ထမ်းတစ်ဦးချင်းစီအတွက် ပါရှိရမည့်ပစ္စည်းများ

(က) စံနှုန်းနှင့်ကိုက်ညီသည့် ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့်ဝတ်စုံ။

(ခ) မျက်လုံးကာမှန် ။

(ဂ) သယ်ဆောင်ရလွယ်ကူသော ဓါတ်မီး(သို့မဟုတ်) အလင်းရောင်ရမည့်ပစ္စည်း။

(ဃ) လက်အိတ်။

၃။ အန္တရာယ်ရှိသောကုန်ပစ္စည်း အမျိုးအစား 2.3: Toxic gases (အဆိပ်အတောက်ဖြစ်စေသော ဓါတ်ငွေ့များ) နှင့် 6.1: Toxic substances (အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများ) အတွက် အထက်ပါပစ္စည်းများအပြင် အောက်ပါပစ္စည်းများပါရှိရမည်-

(က) သယ်ဆောင်သည့်ယာဉ်ပေါ်တွင် လိုက်ပါသူယာဉ်အမှုထမ်းတစ်ဦးချင်းစီအတွက် အရေးပေါ်ဓါတ်ငွေ့ကာ မျက်နှာဖုံး (Emergency Escape Mask) ။

(ခ) သင့်လျော်သည့်ဂေါ်ပြား။

(ဂ) ရေနုတ်မြောင်းပေါက်အတွင်းသို့ အန္တရာယ်ရှိကုန်ပစ္စည်းများယိုစိမ့်စီးဝင်မှု မရှိစေရေး ကာကွယ်နိုင်မည့် အကာအကွယ်ပစ္စည်း (Drain Seal) တစ်ခု။

(ဃ) ပစ္စည်းများထည့်နိုင်ရန် ပုံးအပိုတစ်ခု။

## အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်စဉ် မတော်တဆမှုဖြစ်ပွားခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းများတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ

၁။ မော်တော်ယာဉ်ကိုရပ်ပါ၊အင်ဂျင်ကို စက်ရပ်ပါ၊ ဘက်ထရီမှ အမငုတ်(Negative Terminal) ကိုဖြုတ်၍ ဘက်ထရီစနစ်ကို အဆက်အသွယ်ဖြတ်ပါ။

၂။ လောင်ကျွမ်းမှုဖြစ်စေနိုင်သော ကိစ္စမှန်သမျှ ရှောင်ကြဉ်ပါ၊ ဆေးလိပ်လုံးဝ (လုံးဝ) မသောက်ပါနှင့်။ အီလက်ထရောနစ်စီးကရက်(သို့မဟုတ်) အခြားအလားတူပစ္စည်းများ အသုံးမပြုပါနှင့်။

၃။ မတော်တဆမှုဖြစ်ပွားခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းများတွင် အန္တရာယ်ကင်းရှင်းစေရန် အလျင်အမြန် သန့်ရှင်းရေးပြုလုပ်ရမည့်အပြင် ယင်းကိစ္စအတွက် တာဝန်ယူရမည်။ ၎င်းနောက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေအရ ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့သို့ ချက်ချင်းအစီရင်ခံတင်ပြရမည်။

၄။ စံနှုန်းနှင့်ကိုက်ညီသည့် အန္တရာယ်အကာအကွယ်အင်္ကျီ (Warning Vest) ဝတ်ဆင်ပါ။ အသင့်ထောင်ထားနိုင်သော အန္တရာယ်သတိပေးအမှတ်အသား (Self-Standing Warning Signs) အား မြင်သာသောနေရာတွင် ထောင်လျက်ထားရှိပါ။

၅။ စက်မှုဝန်ကြီးဌာန၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်အဖွဲ့မှထုတ်ပေးသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများလုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းရှိလိုင်စင်ကို တာဝန်ရှိသူများ အလွယ်တကူစစ်ဆေးနိုင်ရန် အသင့်ဆောင်ထားပါ။

၆။ ဖိတ်စင်ကျသည့် အရာဝတ္ထုများပေါ် လမ်းလျှောက်ခြင်း (သို့မဟုတ်) ကိုင်တွယ်ထိတွေ့ခြင်း မပြုလုပ်ပါနှင့်။ လေနှင့်အတူပါလာနိုင်သည့် အခိုးအငွေ့များ၊ မီးခိုးများ၊ ဖုန်မှုန့်များနှင့် ရေငွေ့များအား မရှူရှိုက်မိစေရန် သတိပြုပါ။

၇။ တာယာများ၊ ဘရိတ်များနှင့် အင်ဂျင်အစိတ်အပိုင်းများရှိ မီးစတင်လောင်ကျွမ်းစအရာဝတ္ထုများကို မီးသတ်ဆေးဗူးအသုံးပြု၍ ငြိမ်းသတ်ပါ။

၈။ ကုန်တင်ခန်းများတွင် အန္တရာယ်ရှိသောကုန်ပစ္စည်းများ လောင်ကျွမ်းနေပါက ယာဉ်မောင်းနှင့် ယာဉ်လုပ်သားများသည် ကိုယ်တိုင်ငြိမ်းသတ်ခြင်းမပြုလုပ်ဘဲ ကျွမ်းကျင်သူများ ရောက်ရှိမှ ဖြစ်စေ၊ ကျွမ်းကျင်သူများ၏ အကူအညီရယူ၍ဖြစ်စေ ငြိမ်းသတ်ပါ။

၉။ ရေထုအတွင်း (သို့မဟုတ်) ရေမြောင်းစနစ်အတွင်းသို့ ယိုစိမ့်မှုနှင့်စီးဝင်မှုကို တားဆီးကာကွယ်ရန် Drain Seal ကဲ့သို့သော ယာဉ်ပေါ်ပါပစ္စည်းကိရိယာများကို အသုံးပြုပါ။

၁၀။ မတော်တဆမှုဖြစ်ပွားခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းများတွင် အန္တရာယ်ကင်းရှင်းစေရန်အတွက် ဖြစ်ပွားရာပတ်ဝန်းကျင်မှ ဝေးရာတွင်နေပါ။ အခြားမသက်ဆိုင်သူများကိုလည်း ဝေးရာတွင်နေရန်အကြံပေးပါ။ သက်ဆိုင်ရာတာဝန်ရှိဌာန/အဖွဲ့အစည်း /ပုဂ္ဂိုလ်များ (ဥပမာ - ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေအရ ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန) ၏ အကြံပြုချက်များအတိုင်း ဆောင်ရွက်ပါ။

၁၁။ အန္တရာယ်ရှိသောကုန်ပစ္စည်းများနှင့် ထိတွေ့ပြီးဖြစ်သော အဝတ်အထည်များ၊ အသုံးပြုပြီးသော ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများအား ဖယ်ရှား၍ ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ပါ။

**Dangerous Goods များ၏အမှတ်တံဆိပ်(Label)နှင့် အမှတ်အသားပြအချပ်(Placard) အမျိုးအစားအလိုက် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများ၊ ဝိသေသလက္ခဏာများနှင့် စပ်လျဉ်း၍ ယာဉ်မောင်းများနှင့် ယာဉ်လုပ်သားများအား ထပ်ဆင့်လမ်းညွှန်ချက်များ**

| စဉ် | အန္တရာယ်အမှတ်တံဆိပ်များနှင့်အမှတ်အသားပြအချပ်များ | အန္တရာယ်ရှိလက္ခဏာများနှင့် အခြေအနေများ | ထပ်ဆင့်လမ်းညွှန်ချက် |
|---|---|---|---|
| ၁။ | ပေါက်ကွဲစေတတ်သော အရာဝတ္ထုပစ္စည်းများ (Class 1, 1.5, 1.6) | - ပြင်းထန်စွာပေါက်ကွဲခြင်း၊ အပိုင်းအစများ ပေါက်ကွဲထွက်ခြင်း၊ အပူစီးမှုပြင်းထန်ခြင်း၊ စူးရှသောအလင်း၊ ကျယ်လောင်သော အသံနှင့် မီးခိုးများထွက်ပေါ်ခြင်းစသည့် အန္တရာယ်ရှိသော သက်ရောက်မှုများ။<br>- စိတ်ချောက်ချားစေသည်၊ သက်ရောက်မှုပြင်းထန်သည်၊ အပူချိန်မြင့်မားမည်။ | - အကာအကွယ်ယူရန်။<br>- ကားမှန်ပြူတင်းပေါက်များမှဝေးရာတွင်နေရန်။ |
| ၂။ | ပေါက်ကွဲစေတတ်သော အရာဝတ္ထုပစ္စည်းများ (Class 1.4) | - ပေါက်ကွဲမှုနှင့် မီးလောင်မှု အနည်းငယ် ရှိခြင်း။ | - အကာအကွယ်ယူရန်။ |
| ၃။ | မီးလောင်လွယ်သော ဓာတ်ငွေ့များ (Class 2.1) | - မီးလောင်မှုအန္တရာယ်။<br>- ပေါက်ကွဲမှုအန္တရာယ်။<br>- အသက်ရှူကျပ်ခြင်းအန္တရာယ်။<br>- ဖိအားရှိနိုင်ခြင်း။<br>- မီးလောင်ဒဏ်ရာဖြစ်ခြင်း/ ပြင်းထန်စွာအေးခဲစေခြင်း။<br>- အပူပေးသောအခါ ပေါက်ကွဲတတ်ခြင်း။ | - အကာအကွယ်ယူရန်။<br>- အနိမ့်ပိုင်းနေရာများတွင် မနေရန်။ |

| စဉ် | အန္တရာယ်အမှတ်တံဆိပ်များနှင့်အမှတ်အသားပြအချပ်များ | အန္တရာယ်ရှိလက္ခဏာများနှင့်အခြေအနေများ | ထပ်ဆင့်လမ်းညွှန်ချက် |
|---|---|---|---|
| ၄။ | မီးလောင်မလွယ်၍အဆိပ်မဖြစ်စေသောဓာတ်ငွေ့များ (Class 2.2) | - အသက်ရှူကျပ်ခြင်းအန္တရာယ်။<br>- ဖိအားရှိနိုင်ခြင်း။<br>- ပြင်းထန်စွာအေးခဲစေခြင်း။<br>- အပူပေးသောအခါ ပေါက်ကွဲတတ်ခြင်း။ | - အကာအကွယ်ယူရန်။<br>- အနိမ့်ပိုင်းနေရာများတွင် မနေရန်။ |
| ၅။ | အဆိပ်အတောက်ဖြစ်စေသောဓာတ်ငွေ့များ (Class 2.3) | - မူးဝေစေခြင်း။<br>- ဖိအားရှိနိုင်ခြင်း။<br>- မီးလောင်ဒဏ်ရာဖြစ်စေခြင်း/ ပြင်းထန်စွာအေးခဲစေခြင်း။<br>- အပူပေးသောအခါ ပေါက်ကွဲတတ်ခြင်း။ | - အရေးပေါ်မျက်နှာဖုံး (Mask) သုံးရန်။<br>- အကာအကွယ်ယူရန်။<br>- အနိမ့်ပိုင်းနေရာများတွင်မနေရန်။ |
| ၆။ | မီးလောင်လွယ်သောအရည်များ (Class 3) | - မီးလောင်မှုအန္တရာယ်။<br>- ပေါက်ကွဲမှုအန္တရာယ်။<br>- အပူပေးသောအခါ ပေါက်ကွဲတတ်ခြင်း။ | - အကာအကွယ်ယူရန်။<br>- အနိမ့်ပိုင်းနေရာများတွင် မနေရန်။ |
| ၇။ | မီးလောင်လွယ်သောအစိုင်အခဲများ၊ ကိုယ်တိုင်ဓာတ်ပြုနိုင်သောပစ္စည်းများနှင့် ဓာတ်ပြုမှုနည်းစေရန် စီမံထားသောပေါက်ကွဲစေတတ်သည့်အစိုင်အခဲများ (Class 4.1) | - မီးလောင်မှုအန္တရာယ်။<br>- အပူ၊ မီးပွား(သို့မဟုတ်)မီးတောက်တို့နှင့် ထိတွေ့က မီးလောင်ခြင်း။<br>- အပူထွက်ခြင်း၊ အက်ဆစ်၊ ပြင်းထန်သော သတ္တုဓာတ်ပေါင်းများကဲ့သို့ ပစ္စည်းများနှင့် ထိတွေ့မိခြင်း၊ ပွတ်တိုက်မိခြင်း (သို့မဟုတ်) လျှပ်စစ်ရှော့ခ်ထိမိခြင်း အခြေအနေများ၌ အပူထုတ်လွှတ်နိုင်သော ကိုယ်တိုင် | - |

| စဉ် | အန္တရာယ်အမှတ်တံဆိပ်များနှင့်အမှတ်အသားပြအချပ်များ | အန္တရာယ်ရှိလက္ခဏာများနှင့်အခြေအနေများ | ထပ်ဆင့်လမ်းညွှန်ချက် |
|---|---|---|---|
| | | ဓာတ်ပြုသည့်ပစ္စည်းများ ပါဝင်နိုင်ခြင်း၊ ထိုမှ တစ်ဆင့် အန္တရာယ်ရှိသော မီးလောင်နိုင်သည့် ဓာတ်ငွေ့/ ရေငွေ့/လောင်ကျွမ်းမှုများထွက်ပေါ်ခြင်း။<br>- အပူပေးသောအခါ ပေါက်ကွဲတတ်ခြင်း။<br>- ဓာတ်ပြုမှုနည်းအောင် ပြုလုပ်ထားသည့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ပေါက်ကွဲနိုင်ခြင်း။ | |
| ၈။ | အလိုအလျောက်လောင်ကျွမ်းနိုင်သောပစ္စည်းများ(Class 4.2) | - ထုပ်ပိုးထားသည်များ ပျက်စီးခြင်း (သို့မဟုတ်) ပါဝင်ပစ္စည်းများ ဖိတ်စင်ခြင်းများကြောင့် အလိုအလျောက် မီးတောက်လောင်နိုင်ခြင်း။<br>- ရေနှင့်လွယ်ကူစွာ ဓာတ်ပြုနိုင်ခြင်း။ | - |
| ၉။ | ရေနှင့်ထိတွေ့သောအခါမီးလောင်လွယ်သောဓာတ်ငွေ့များထုတ်လွှတ်သည့်အရာဝတ္ထုပစ္စည်းများ (Class 4.3) | - ရေနှင့်ထိတွေ့သောအခါ မီးလောင်၍ ပေါက်ကွဲနိုင်ခြင်း။ | - ယိုစိမ့်သည့်နေရာများကို ဖုံးအုပ်၍ ခြောက်သွေ့အောင် ထားရန်။ |
| ၁၀။ | ဓာတ်တိုးစေသည့်ပစ္စည်းများ | - မီးလောင်တတ်သော/မီးလောင်လွယ်သောပစ္စည်းများနှင့် ထိတွေ့ | - မီးလောင်တတ်သော/ မီးလောင်လွယ်သော |

| စဉ် | အန္တရာယ်အမှတ်တံဆိပ်များနှင့်အမှတ်အသားပြအချပ်များ | အန္တရာယ်ရှိလက္ခဏာများနှင့်အခြေအနေများ | ထပ်ဆင့်လမ်းညွှန်ချက် |
|---|---|---|---|
| | (Class 5.1) | ပါက ပြင်းထန်သောဓာတ်ပြုမှု၊ လောင်ကျွမ်းမှုနှင့် ပေါက်ကွဲမှုများ ဖြစ်ပေါ်ခြင်း။ | ပစ္စည်းများ(ဥပမာ- လွှစာမှုန့်) နှင့် ရောနှော ခြင်းမပြုရန်။ |
| ၁၁။ | အော်ဂဲနစ်ပါအောက်ဆိုဒ်များ (Class 5.2) | - အက်ဆစ်၊ ပြင်းထန်သောသတ္တုဓာတ်ပေါင်းများကဲ့သို့ ပစ္စည်းများနှင့်ထိတွေ့မိခြင်း၊ ပွတ်တိုက်မိခြင်း (သို့မဟုတ်) လျှပ်စစ်ရှော့ခ်ထိမိခြင်း အခြေအနေများ၌ မြင့်မားသော အပူထုတ်လွှတ်နိုင်ခြင်း။<br>- ထိုမှတစ်ဆင့် အန္တရာယ်ရှိသော၊ မီးလောင်နိုင်သည့် ဓာတ်ငွေ့/ရေငွေ့/လောင်ကျွမ်းမှုများ ထွက်ပေါ်ခြင်း။ | - မီးလောင်တတ်သော/မီးလောင်လွယ်သော ပစ္စည်းများ(ဥပမာ- လွှစာမှုန့်) နှင့် ရောနှော ခြင်းမပြုရန်။ |
| ၁၂။ | အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ (Class 6.1) | - ရှူမိခြင်း၊ အရေပြားနှင့် ထိတွေ့မိခြင်း (သို့မဟုတ်) စားသုံးမိခြင်းဖြစ်ပါက မူးဝေစေခြင်း။<br>- ရေထု (သို့မဟုတ်) ရေမြောင်းစနစ်ကို ထိခိုက်စေခြင်း။ | - အရေးပေါ်မျက်နှာဖုံး (Mask) သုံးရန်။ |
| ၁၃။ | ကူးစက်ပြန့်ပွားလွယ်သောပစ္စည်းများ (Class 6.2) | - ကူးစက်နိုင်ခြင်း။<br>- လူ နှင့် တိရစ္ဆာန်တို့တွင် ပြင်းထန်သည့်ရောဂါများ ဖြစ်စေခြင်း။<br>- ရေထု (သို့မဟုတ်) ရေမြောင်းစနစ်ကို ထိခိုက်စေခြင်း။ | - |

| စဉ် | အန္တရာယ်အမှတ်တံဆိပ်များနှင့်အမှတ်အသားပြအချပ်များ | အန္တရာယ်ရှိလက္ခဏာများနှင့်အခြေအနေများ | ထပ်ဆင့်လမ်းညွှန်ချက် |
|---|---|---|---|
| ၁၄။ | ရေဒီယိုသတ္တိကြွပစ္စည်းများ (7A,7B,7C,7D) | - အတွင်းနှင့်ပြင်ပတွင် ဓာတ်ရောင်ခြည်ဖြာခြင်း။ | - အချိန်အကန့်အသတ်ဖြင့်သာ ဖွင့်ရန်။ |
| ၁၅။ | အဏုမြူဓာတ် ပြိုကွဲစေသောပစ္စည်းများ (7E) | - နျူကလီယား နောက်ဆက်တွဲဓာတ်ပြုမှု ဖြစ်ပေါ်ခြင်း။ | - |
| ၁၆။ | တိုက်စားပျက်စီးစေနိုင်သောပစ္စည်းများ (Class 8) | - တိုက်စားခြင်းကြောင့် လောင်ကျွမ်းခြင်း။<br>- အချင်းချင်းဖြစ်စေ၊ ရေနှင့်ဖြစ်စေ၊ အခြားပစ္စည်းများနှင့် ဖြစ်စေ ပြင်းထန်စွာ ဓာတ်ပြုခြင်း။<br>- ဖိတ်စင်သော အရာဝတ္ထုများကြောင့် တိုက်စားပျက်စီးစေသော အငွေ့များ ထွက်ပေါ်ခြင်း။<br>- ရေထု (သို့မဟုတ်) ရေမြောင်းစနစ်ကို ထိခိုက်စေခြင်း။ | - |
| ၁၇။ | အမျိုးမျိုးသော အန္တရာယ်ရှိသည့် အရာဝတ္ထုများနှင့် ပစ္စည်းများ (Class 9) | - လောင်ကျွမ်းမှုဖြစ်စေခြင်း။<br>- မီးလောင်မှုဖြစ်စေခြင်း။<br>- ပေါက်ကွဲမှုဖြစ်စေခြင်း။<br>- ရေထု (သို့မဟုတ်) ရေမြောင်းစနစ်ကို ထိခိုက်စေခြင်း။ | - |

မှတ်ချက်(၁)။ အန္တရာယ်လက္ခဏာများပြားသော Dangerous Goods များ ရောနှောတင်ခြင်းအတွက် လိုက်နာရန် သီးခြားသတ်မှတ်ချက်များ ရှိပါသည်။

မှတ်ချက်(၂)။ အထက်တွင်ဖော်ပြထားသည့် ထပ်ဆင့်လမ်းညွှန်ချက်များအပြင် သယ်ဆောင်မည့် Dangerous Goods အမျိုးအစားများနှင့် အန္တရာယ်အဆင့်အတန်းအလိုက် စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## Dangerous Goods များ၏ အခြားအမှတ်အသားများ (Other Marks) အလိုက် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများ၊ ဝိသေသလက္ခဏာများနှင့် စပ်လျဉ်း၍ ယာဉ်မောင်းများနှင့် ယာဉ်လုပ်သားများအား ထပ်ဆင့်အသိပေးလမ်းညွှန်ချက်များ

| စဉ် | အမှတ်အသား | အန္တရာယ်ရှိလက္ခဏာများနှင့် အခြေအနေများ | ထပ်ဆင့်လမ်းညွှန်ချက် |
|---|---|---|---|
| ၁။ | ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသော ပစ္စည်းများ | - ရေထု(သို့မဟုတ်)ရေမြောင်းစနစ်ကို ထိခိုက်စေခြင်း။ | - |
| ၂။ | အပူချိန်မြင့်မားသော ပစ္စည်းများ | - အပူကြောင့် လောင်ကျွမ်းခြင်း။ | - သယ်ယူပို့ဆောင်ရေးယာဉ်၏ ပူသောအစိတ်အပိုင်းများ၊ ဖိတ်စင်သောအရာဝတ္ထု ပစ္စည်းများနှင့် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ရန်။ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)

# နေပြည်တော်

စာအမှတ် ၊ ကဥပ- ၃၃၉(ခ) /၂၀၁၈ / ၂၉၁

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ ၃၀ ရက်

## "ညွှန်ကြားချက်-၇ /၁၈"

အကြောင်းအရာ။ <u>အန္တရာယ်ရှိသောကုန်ပစ္စည်းများ(Dangerous Goods) သယ်ယူပို့ဆောင်သည့် ယာဉ်ပေါ်တွင်ပါရှိရမည့် စာရွက်စာတမ်းများ (Documents on Board)ကိစ္စ</u>

ရည်ညွှန်းချက်။
(၁) ဤဦးစီးဌာန၏ ၂၁.၃.၂၀၁၇ ရက်စွဲပါစာအမှတ်၊ကဥပ-၃၃၈(ခ)/ ၂၀၁၇/ ၆၂၃၊ ရုံးအမိန့်အမှတ်၊ လုပ်ငန်း- ၂၇/၁၇
(၂) ဤဦးစီးဌာန၏ ၂.၅.၂၀၁၇ ရက်စွဲပါစာအမှတ်၊ကဥပ-၃၃၉(ခ)/၂၀၁၇/ ၈၉၈၊ ညွှန်ကြားချက်-၁၁/၁၇
(၃) ဤဦးစီးဌာန၏ ၂.၅.၂၀၁၇ ရက်စွဲပါစာအမှတ်၊ကဥပ-၃၃၉(ခ)/၂၀၁၇/ ၈၉၉၊ ညွှန်ကြားချက်-၁၂/၁၇
(၄) ဤဦးစီးဌာန၏ ၁.၆.၂၀၁၇ ရက်စွဲပါစာအမှတ်၊ကဥပ-၃၃၉(ခ)/၂၀၁၇/ ၁၃၆၁၊ ညွှန်ကြားချက်-၁၆/၁၇
(၅) ဤဦးစီးဌာန၏ ၆.၁၁.၂၀၁၇ ရက်စွဲပါစာအမှတ်၊ကဥပ-၃၃၉(ခ)/ ၂၀၁၇/ ၃၀၀၈၊ ညွှန်ကြားချက်-၂၉/၁၇

၁။ ဤဦးစီးဌာနအနေဖြင့် အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို ကုန်းလမ်းမှ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် လိုက်နာရမည့်အချက်များ၊ သယ်ဆောင်သည့်မော်တော်ယာဉ်များတွင် ယာဉ်အမှတ်အသား၊ ကွန်တိန်နာအမှတ်အသား၊ တိုင်ကီအမှတ်အသားတပ်ဆင်ခြင်း၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် အမှတ်တံဆိပ်ကပ်ခြင်း၊ ကုန်တင်ကုန်ချခြင်း၊ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ရာ၌ ယာဉ်ပေါ်တွင်ပါရှိရမည့် ပစ္စည်းများ၊ မတော်တဆမှုဖြစ်ပွားခြင်းနှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းများတွင် လိုက်နာရမည့်အချက်များအား ရည်ညွှန်းချက်ပါစာများဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အန္တရာယ်ရှိသောကုန်ပစ္စည်းများကို ပြည်တွင်းတွင် သယ်ယူပို့ဆောင်ရာ၌ အောက်ပါ အထောက်အထားစာရွက်စာတမ်းများ (Documents) မဖြစ်မနေပါရှိရမည်-

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်အဖွဲ့မှထုတ်ပေးသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းရှိလိုင်စင်။

(ခ) ညွှန်ကြားချက် ၂၉/၁၇ ၏နောက်ဆက်တွဲ(ခ)တွင်ပါရှိသည့် "အန္တရာယ်ရှိသော ကုန်ပစ္စည်းများသယ်ယူပို့ဆောင်စဉ် မတော်တဆမှုဖြစ်ပွားခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းများတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ"၊ နောက်ဆက်တွဲ(ဂ)တွင်ပါရှိသည့် "Dangerous Goods များ၏အမှတ်တံဆိပ်(Label)နှင့် အမှတ်အသားပြအချပ်(Placard) အမျိုးအစားအလိုက် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများ၊ ဝိသေသလက္ခဏာများနှင့်စပ်လျဉ်း၍ ယာဉ်မောင်းများနှင့် ယာဉ်လုပ်သားများအား ထပ်ဆင့်လမ်းညွှန်ချက်များ" နှင့် နောက်ဆက်တွဲ(ဃ)တွင်ပါရှိသည့် "Dangerous Goods များ၏ အခြားအမှတ်အသားများ (Other Marks)အလိုက် အန္တရာယ် ဖြစ်ပေါ်နိုင်သည့် အခြေအနေများ၊ ဝိသေသလက္ခဏာများနှင့်စပ်လျဉ်း၍ ယာဉ်မောင်းများနှင့် ယာဉ်လုပ်သားများအား ထပ်ဆင့်အသိပေးလမ်းညွှန်ချက်များ"။

(ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ ထုတ်ပြန်ထားသည့် ရေနံဓာတ်ငွေ့ရည်သယ်ဆောင်မည့် မော်တော်ယာဉ်နှင့်အတူ ပါရှိရမည့် အောက်ပါ သက်သေခံစာရွက်စာတမ်းအထောက်အထားများ-

(၁) ရေနံဓာတ်ငွေ့ရည် သယ်ဆောင်ရန်အတွက် သတ်မှတ်ချက်နှင့်ကိုက်ညီအောင် တည်ဆောက်ထားကြောင်း ထုတ်လုပ်သည့်ကုမ္ပဏီ၏ သက်သေခံလက်မှတ် မိတ္တူ။

(၂) ကျွမ်းကျင်အင်ဂျင်နီယာမှ လက်မှတ်ရေးထိုးထားသော Bowser or Tank Lorry ယာဉ်၏ Drawing မိတ္တူ (၁) စုံ။

(၃) Hydrostatic စမ်းသပ်မှုအစီရင်ခံစာမိတ္တူ (ငါးနှစ်လျှင် တစ်ကြိမ်ပြုလုပ်ရမည်)။

(၄) Radiographic စမ်းသပ်မှုအစီရင်ခံစာမိတ္တူ (ဆယ်နှစ်လျှင် တစ်ကြိမ်ပြုလုပ်ရမည်)။

(၅) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော နောက်တွဲယာဉ် (Bowser or Tank Lorry) မှတ်ပုံတင်သက်သေခံလက်မှတ်။

(၆) သတ္တုတွင်းဦးစီးဌာနမှ ထုတ်ပေးထားသောသိုလှောင်ကန်အတွက် ရေနံဓာတ်ငွေ့ရည်သယ်ဆောင်ရန် ခွင့်ပြုလက်မှတ်။

(ဃ) ယာဉ်မောင်းနှင်သူ၏ Dangerous Goods သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ သင်တန်းဆင်းလက်မှတ် (Certificate of Driver's Training Course) ။

(င) ယာဉ်မောင်းနှင့် ယာဉ်အကူတို့၏ဓါတ်ပုံပါအထောက်အထားများ (ယာဉ်မောင်းလိုင်စင်နှင့်ယာဉ်အကူလက်မှတ်)။

၃။ အန္တရာယ်ရှိသောကုန်ပစ္စည်းများကိုနယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရာတွင် အထက်အပိုဒ် ၂(ခ) နှင့်(ဃ) ပါအထောက်အထားစာရွက်စာတမ်းများ(Documents) အပြင် မော်တော်ယာဉ်နှင့်အတူအောက်ပါအထောက်အထားစာရွက်စာတမ်းများ(Documents) မဖြစ်မနေပါရှိရမည်-

(က) နောက်ဆက်တွဲ(က)ဖြင့် "နမူနာ" ဖော်ပြထားသည့် Transport Document။ (နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မည့်ယာဉ်အတွက်သာဖြစ်ပြီးကုန်စည်လွှဲအပ်သူ "Consignor" မှ ဤ Transport Document ကိုထုတ်ပေးရမည်)။

(ခ) နောက်ဆက်တွဲ(ခ)ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် EX/II ၊ EX/III ၊ FL ၊ AT ၊ MEMUs ယာဉ်များအတွက် ယာဉ်မှတ်ပုံတင်ထားသည့် နိုင်ငံရှိအာဏာပိုင်အဖွဲ့အစည်း၏ အတည်ပြုချက်လက်မှတ် (Certificate of Approval of Vehicle)။

(ဂ) ယာဉ်မောင်းနှင့်ယာဉ်အကူတို့၏ ဓါတ်ပုံပါအထောက်အထားများ (ယာဉ်မောင်းလိုင်စင်၊ နိုင်ငံကူးလက်မှတ်နှင့်ယာဉ်အကူလက်မှတ်)။

၄။ ထို့အပြင် လက်မှတ်ရေးထိုးချုပ်ဆိုထားသည့် အာဆီယံနှင့်မဟာမဲခေါင်ဒေသ ကုန်းလမ်းပို့ဆောင်ရေးသဘောတူစာချုပ်များအရ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ပါက သက်ဆိုင်ရာ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (National Transport Facilitation Committee-NTFC) ၏ ခွင့်ပြုချက် (Permit) ရယူရမည်။ သို့သော် ၎င်းသဘောတူစာချုပ်များနှင့် မသက်ဆိုင်သည့် နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းအတွက်မူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ရယူရမည်။

၅။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ(Dangerous Goods) ကိုကုန်းလမ်းမှမော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ရာတွင် စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့် အခြားတည်ဆဲဥပဒေများကိုပါ လိုက်နာဆောင်ရွက်ရမည်။

၆။ သို့ပါ၍ အထက်ပါသတ်မှတ်ချက်များအား ပြည်တွင်းနှင့်နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်မောင်းများနှင့်ယာဉ်လုပ်သားများ သိရှိလိုက်နာနိုင်ရေးအတွက် ပညာပေးခြင်း၊ အသိပေးကြေညာခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို အလေးထားဆောင်ရွက်သွားရန် ညွှန်ကြားပါသည်။

၇။ လက်အောက်ခံရုံးများအနေဖြင့် လက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြားရန်၊ အသင်းများအနေဖြင့် လုပ်ငန်းလုပ်ကိုင်သူများသိရှိရေး ညွှန်ကြားကြပ်မတ် အသိပေး ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ပူးတွဲလျက်။ နောက်ဆက်တွဲ(က) - (၁) ရွက်

နောက်ဆက်တွဲ(ခ) - (၂) ရွက်

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ထင်ကျော်၊ညွှန်ကြားရေးမှူး)

၁။ ............................. ဦးစီးမှူး။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊

.............................ရုံး၊ .......................မြို့။

၂။ ............................. ဦးစီးမှူး။

လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊

.............................ရုံး၊ .......................မြို့။

၃။ ဥက္ကဋ္ဌ၊ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ။

၄။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။

၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်း။

၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။

၇။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း။

၈။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း။

မိတ္တူကို

(၁) ဥက္ကဋ္ဌ၊ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ။

(၂) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

(၃) မြန်မာနိုင်ငံရဲတပ်ဖွဲ့။

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

(၅) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း။

(၆) စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန။

(၇) အကောက်ခွန်ဦးစီးဌာန။

(၈) ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။

(၉) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး)။

(၁၀) ညွှန်ကြားရေးမှူး(စီမံ၊ ကမ၊ ကဒ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ၊ ကလ)။

(၁၁) အင်ဂျင်နီယာချုပ်။

(၁၂) ဒုတိယညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများ။

(၁၃) လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများ။

(၁၄) ရုံးချုပ်ရှိဌာနခွဲများ။

(၁၅) လက်ခံစာတွဲ။

(၁၆) မျှောစာတွဲ။

## Transport Document နမူနာပုံစံ

**ADR Transport Document**

**Consignor: Company XYZ**

**Address: A Road, Town, County/Country**

**Date: dd/mm/yy**

| Dangerous Goods Description: | No. of packages/type | Total quality |
|---|---|---|
| UN1134, chlorobenzene, 3, PG III, (D/E) | 20×200 litre plastic drums (1H2) | 4,000 litre |
| UN1760, corrosive liquid, N.O.S (contains sodium hydroxide), 8, PG III, (E) | 10×10 litre plastic drums (1H1) | 100 litre |

Consignee(s): Company ABC

Address: A Road, Town, County/Country

မှတ်ချက်။ ADR (Carriage of Dangerous Goods by Road): A Guide for Business (H&SA) ကို ကိုးကားပါသည်။

# အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁။ EX/II Vehicle (သို့မဟုတ်) EX/III Vehicle - ပေါက်ကွဲစေတတ်သော Class 1 ပစ္စည်းများ (Class 1 Explosive) ကို သယ်ဆောင်သည့်ယာဉ်။

၂။ FL Vehicle

- အငွေ့ပျံစေနိုင်သော အနိမ့်ဆုံးအပူချိန်(Flash-point) ၆၀ C ထက် မကျော်လွန်သော အရည်များ(EN 590:2013 + AC: 2014 စံချိန်စံညွှန်းရှိသည့် ဒီဇယ်ဆီနှင့် ၄င်းစံချိန်စံညွှန်းတွင် သတ်မှတ်ထားသော အငွေ့ပျံစေနိုင်သော အနိမ့်ဆုံးအပူချိန် (Flash-point) ရှိသည့် UN No.1202 ဓာတ်ငွေ့ရည်၊လောင်စာဆီများမှအပ)ကို တင်အား(Tank Capacity) $1m^3$ ထက်ကျော်လွန်သည့် Fixed Tank (သို့မဟုတ်)Demountable Tank များဖြင့်သော်လည်းကောင်း၊ တင်အား(Tank Capacity) $3m^3$ ထက်ကျော်လွန်သည့် Tank Container (သို့မဟုတ်) Portable Tank များဖြင့်သော်လည်းကောင်း သယ်ဆောင်သည့်ယာဉ်။
- မီးလောင်လွယ်သော ဓာတ်ငွေ့များကို တင်အား(Tank Capacity) $1m^3$ ထက်ကျော်လွန်သည့် Tank Container (သို့မဟုတ်) Portable Tank များဖြင့်သော်လည်းကောင်း၊ တင်အား(Tank Capacity) $3m^3$ ထက်ကျော်လွန်သည့် Tank Container (သို့မဟုတ်) Portable Tank (သို့မဟုတ်) MEGCs (Multiple-Element Gas Container) များဖြင့်သော်လည်းကောင်း သယ်ဆောင်သည့်ယာဉ်။
- တင်အား(Tank Capacity) စုစုပေါင်း $1m^3$ ထက်ကျော်လွန်ပြီး မီးလောင်လွယ်သောဓာတ်ငွေ့များကို သယ်ဆောင်သည့် ဘက်ထရီယာဉ်။
- ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ပါဝင်မှု ၆၀% ထက်ကျော်လွန်သော Stabilized ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် နှင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်အရည်များ (Class 5.1, UN No.2015) ကို တင်အား(Tank Capacity) $1m^3$ ထက်ကျော်လွန်သည့် Fixed Tank (သို့မဟုတ်) Demountable

Tank များဖြင့်သော်လည်းကောင်း၊ တင်အား (Tank Capacity) $3m^3$ ထက်ကျော်လွန်သည့် Tank Container (သို့မဟုတ်) Portable Tank များဖြင့်သော်လည်းကောင်း သယ်ဆောင်သည့်ယာဉ်။

| | | |
|---|---|---|
| ၃။ AT Vehicle | - | အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို တင်အား(Tank Capacity)$1m^3$ ထက်ကျော်လွန်သည့် Fixed Tank (သို့မဟုတ်) Demountable Tank များဖြင့်သော်လည်းကောင်း၊တင်အား(Tank Capacity) $3m^3$ ထက်ကျော်လွန်သည့် Tank Container ၊ Portable Tank (သို့မဟုတ်) MEGCs (Multiple-Element Gas Container)များဖြင့်သော်လည်းကောင်းသယ်ဆောင်သည့် ယာဉ် (EX/III (သို့မဟုတ်) FL (သို့မဟုတ်) MEMU ယာဉ်များမှအပ)။ |
| | - | တင်အား (Tank Capacity) စုစုပေါင်း $1m^3$ ထက်ကျော်လွန်သည့် ဘက်ထရီယာဉ်(FL ယာဉ်မှအပ)။ |
| ၄။ MEMU (Mobile Explosive Manufacturing Unit) | - | ADR 1.2.1 တွင်ပါရှိသော Mobile Explosive ManufacturingUnit ပါဖော်ပြချက်များနှင့် ကိုက်ညီသည့်ယာဉ်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)
နေပြည်တော်

စာအမှတ်၊ ကဥပ-၃၃၈(ခ) / ၂၀၁၈ / ၈၃၆
ရက်စွဲ ၊ ၂၀၁၈ခုနှစ် ၊ မတ်လ ၂၈ ရက်

"ရုံးအမိန့်အမှတ်၊လုပ်ငန်း- ၁၀/ ၁၈"

အကြောင်းအရာ။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် Dangerous Goods (အန္တရာယ်ရှိသော ကုန်ပစ္စည်းများ) အား ADR ၏ အခန်း (၃.၂) ပါ ဇယား A နှင့် ဇယား B တို့ အရ အမျိုးအစားသတ်မှတ်ခြင်းနှင့် လိုက်နာရန်အချက်များ

ရည်ညွှန်းချက်။ ဤဦးစီးဌာန၏ ၂၁.၃.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၈(ခ)/၂၀၁၇/ ၆၂၃၊ ရုံးအမိန့်အမှတ်၊ လုပ်ငန်း- ၂၇ / ၁၇

၁။ အာဆီယံနိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ် (ASEAN Framework Agreement on the Facilitation of Goods in Transit - AFAFGIT) ပါ Protocol 9: Dangerous Goods နှင့် မဟာမဲခေါင်ဒေသတွင်းကုန်စည်နှင့် လူများနယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ် (Greater Mekong Subregion Cross-Border Transport Facilitation Agreement - GMS-CBTA) ပါ Annex 1: Carriage of Dangerous Goods တို့အရ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို ပြည်သူတို့ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အား ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် အရာဝတ္ထုပစ္စည်းများအဖြစ် အဓိပ္ပါယ်သတ်မှတ်ထားပါသည်။ အဆိုပါကုန်ပစ္စည်းများကိုနိုင်ငံအတွင်းနှင့် နိုင်ငံဖြတ်သန်း၍ ကုန်းလမ်းမှ သယ်ယူပို့ဆောင်ခြင်း(Movement of dangerous goods in transit and cross-border transport on roads) ဆိုင်ရာကိစ္စရပ်များအား စနစ်တကျကြပ်မတ်ထိန်းချုပ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၂။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) နှင့်ပတ်သက်၍ United Nations Recommendations on Transport of Dangerous Goods (UNRTDG) နှင့် European Agreement Concerning the International Carriage of Dangerous Goods by Road

(ADR)တို့မှ အမျိုးအစားသတ်မှတ်ချက်များကိုကိုးကားလျက် ကုန်းလမ်းမှမော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ **<u>နောက်ဆက်တွဲ (က)</u>** ပါအတိုင်း အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို အမျိုးအစားခွဲခြားသတ်မှတ်ပါသည်။

၃။ သတ်မှတ်ထားသောအမျိုးအစားအလိုက် အန္တရာယ်ရှိသောကုန်ပစ္စည်းများစာရင်းမှာEuropean Agreement Concerning the International Carriage of Dangerous Goods by Road (ADR 2017) ပါ Dangerous Goods List အတိုင်းဖြစ်ပြီး **<u>နောက်ဆက်တွဲ (ခ)</u>** ဖြင့် ဖော်ပြပါသည်။

၄။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေသူများသည် သဘောတူစာချုပ်များအရ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို နယ်စပ်ဖြတ်ကျော်၍ မော်တော်ယာဉ်ဖြင့် ကုန်းလမ်းမှ သယ်ယူပို့ဆောင်လိုပါက ဤဦးစီးဌာနမှတစ်ဆင့် "အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ(National Transport Facilitation Committee-NTFC)"သို့ သီးခြားခွင့်ပြုချက်တောင်းခံရယူရန် လိုအပ်ပါသည်။

၅။ ပြည်တွင်း (သို့မဟုတ်) နယ်စပ်ဖြတ်ကျော်၍ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်လျှင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) အန္တရာယ်ရှိသောကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် ကုန်ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း စနစ်တကျထုပ်ပိုးထားသည့် ပစ္စည်းများကိုသာ တင်ဆောင်ရမည်၊

(ခ) အန္တရာယ်ရှိသောကုန်ပစ္စည်းများတင်ဆောင်ပါက ကုန်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် အန္တရာယ်သတိပေးအမှတ်တံဆိပ် (Label) ပါရှိသည့် ပစ္စည်းများကိုသာ တင်ဆောင်ရမည်၊

(ဂ) အန္တရာယ်ရှိသောပစ္စည်းများတင်ဆောင်လာသည့်ယာဉ်ဖြစ်ကြောင်းသိသာစေရန် မော်တော်ယာဉ်၏ သတ်မှတ်ထားသည့်နေရာ၌ အမှတ်အသားပြသတ္တုပြားအချပ် (Placard) နှင့် အမှတ်အသား (Mark) တပ်ဆင်ရမည်၊

(ဃ) အဆိုပါယာဉ်ကိုမောင်းနှင်မည့် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် သတ်မှတ်သင်တန်းတက်ရောက်ပြီးဖြစ်ရမည်၊

(င) သတ်မှတ်ထားသည့်စာရွက်စာတမ်းများ ပြည့်စုံစွာပါရှိရမည်၊ သတ်မှတ်စည်းကမ်းများ လိုက်နာရမည်၊

(စ) မီးလောင်မှု/ ပေါက်ကွဲမှုအန္တရာယ်များအတွက် ကြိုတင်ကာကွယ်မှုပစ္စည်းများ ပြည့်စုံစွာ ပါရှိရမည်။

၆။ စက်မှုဝန်ကြီးဌာန၏ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး နည်းဥပဒေအပိုဒ်(၅၃) တွင် ပြဋ္ဌာန်းထားသည့် အန္တရာယ်ကင်းရှင်းမှုအဆင့်မှတ်တမ်း (Material Safety Data Sheet) အရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် Dangerous Goods Classification အလိုက် အသေးစိတ်အချက်အလက်များကို သိရှိလိုက်နာဆောင်ရွက်ရပါမည်။ အဆိုပါ အန္တရာယ်ကင်းရှင်းမှု အဆင့်မှတ်တမ်း (Material Safety Data Sheet) ကို ထုတ်လုပ်သူ (Manufacturer) (သို့မဟုတ်) တင်သွင်းသူ (Importer) များမှ စီစဉ်ပေးရပါမည်။

၇။ အန္တရာယ်ရှိသောကုန်ပစ္စည်း (Dangerous Goods) အမျိုးအစားအလိုက် ကုန်ပစ္စည်းတင်ပို့သူ များ (Consignors) လိုက်နာရမည့် အသေးစိတ်အချက်အလက်များနှင့် အထူးပြဋ္ဌာန်းချက်များကို ADR 2017 ၏ အခန်း (၂.၂)၊ (၃.၁)၊ (၃.၂) နှင့် (၃.၃) တို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၈။ သို့ပါ၍ အထက်ပါသတ်မှတ်ချက်များအား ပြည်တွင်းနှင့်နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်မောင်းများနှင့်ယာဉ်လုပ်သားများ သိရှိလိုက်နာနိုင်ရေးအတွက် ပညာ ပေးခြင်း၊ အသိပေးကြေညာခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို အလေးထားဆောင်ရွက် သွားရန် ညွှန်ကြားပါသည်။

၉။ လက်အောက်ခံရုံးများအနေဖြင့် လက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြား ရန်၊ အသင်းများအနေဖြင့် လုပ်ငန်းလုပ်ကိုင်သူများသိရှိရေး ညွှန်ကြားကြပ်မတ် အသိပေးဆောင်ရွက် သွားရန် အကြောင်းကြားပါသည်။

၁၀။ ရည်ညွှန်းချက်(၁)ပါ ရုံးအမိန့်အမှတ်၊ လုပ်ငန်း-၂၇/၁၇ အား ဤညွှန်ကြားချက်ဖြင့် ပယ်ဖျက် လိုက်သည်။

ပူးတွဲ။ နောက်ဆက်တွဲ (က) - ၂ ရွက်
နောက်ဆက်တွဲ (ခ) - ၁ ရွက်နှင့် CD ၁ ချပ်

၂၈/၃/၁၈

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ထင်ကျော်၊ညွှန်ကြားရေးမှူး)

၂၈.၃.၁၈

Ra-1/D/DMMWN/DG classification latest

၁။ ............................ ဦးစီးမှူး။
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
............................ရုံး၊ ........................မြို့။

၂။ ............................ ဦးစီးမှူး။
လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန။
............................ရုံး၊ ........................မြို့။

၃။ ဥက္ကဋ္ဌ၊ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ။

၄။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။

၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်း။

၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။

၇။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း။

၈။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း။

မိတ္တူကို

(၁) ဥက္ကဋ္ဌ၊ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ။
(၂) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။
(၃) မြန်မာနိုင်ငံရဲတပ်ဖွဲ့။
(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။
(၅) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း။
(၆) စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန။
(၇) အကောက်ခွန်ဦးစီးဌာန။
(၈) ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။
(၉) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး/လုပ်ငန်း)။
(၁၀) ညွှန်ကြားရေးမှူး(စီမံ၊ ကမ၊ ကဒ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ၊ ကလ)။
(၁၁) အင်ဂျင်နီယာချုပ်။
(၁၂) ဒုတိယညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများ။
(၁၃) လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများ။
(၁၄) ရုံးချုပ်ရှိဌာနခွဲများ။
(၁၅) လက်ခံစာတွဲ။
(၁၆) မျှောစာတွဲ။

## အန္တရာယ်ရှိသောကုန်ပစ္စည်းများအမျိုးအစားသတ်မှတ်ခြင်း

ကုန်းလမ်းမှမော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်မည့် "Dangerous Goods (အန္တရာယ်ရှိသောကုန်ပစ္စည်းများ)" အားအောက်ပါအတိုင်းအမျိုးအစားသတ်မှတ်ပါသည်-

| | | | |
|---|---|---|---|
| (က) | Class 1<br>အမျိုးအစား (၁) | | Explosives<br>ပေါက်ကွဲစေတတ်သောပစ္စည်းများ |
| (ခ) | Class 2<br>အမျိုးအစား (၂) | | Gases<br>ဓါတ်ငွေ့များ |
| | (၁) | Division 2.1<br>အမျိုးအစား(၂.၁) | Flammable gases<br>မီးလောင်လွယ်သောဓါတ်ငွေ့များ |
| | (၂) | Division 2.2:<br>အမျိုးအစား (၂.၂) | Non-flammable, non-toxic gases<br>မီးလောင်မလွယ်၍<br>အဆိပ်မဖြစ်စေသော ဓါတ်ငွေ့များ |
| | (၃) | Division 2.3:<br>အမျိုးအစား (၂.၃) | Toxic gases<br>အဆိပ်ဖြစ်စေသောဓါတ်ငွေ့များ |
| (ဂ) | Class 3<br>အမျိုးအစား (၃) | | Flammable liquids and liquid desensitized explosives<br>မီးလောင်လွယ်သော အရည်ပစ္စည်းများနှင့် ပေါက်ကွဲမှုလျော့နည်းစေသော အရည် |
| (ဃ) | Class 4<br>အမျိုးအစား (၄) | | |
| | (၁) | Division 4.1:<br>အမျိုးအစား (၄.၁) | Flammable solids, self-reactive substances, and solid desensitized explosives<br>မီးလောင်လွယ်သော အခဲပစ္စည်းများ၊ ကိုယ်တိုင်ဓါတ်ပြုနိုင်သောပစ္စည်းများနှင့် ပေါက်ကွဲမှုလျော့နည်းစေသော အစိုင်အခဲ |
| | (၂) | Division 4.2:<br>အမျိုးအစား (၄.၂) | Substances liable to spontaneous combustion<br>အလိုအလျောက်လောင်ကျွမ်းစေသော ပစ္စည်းများ |

(၃) Division 4.3: Substances which in contact with water emit flammable gases

အမျိုးအစား (၄.၃) ရေနှင့်ထိတွေ့ပါ က မီးလောင်လွယ်သော ဓါတ်ငွေ့ ထွက်သည့်ပစ္စည်းများ

(င) Class 5

အမျိုးအစား (၅)

(၁) Division 5.1: Oxidizing Substances

အမျိုးအစား (၅.၁) ဓါတ်တိုးစေသည့်ပစ္စည်းများ

(၂) Division 5.2: Organic peroxides

အမျိုးအစား (၅.၂) အော်ဂဲနစ်ပါအောက်ဆိုဒ်များ

(စ) Class 6

အမျိုးအစား (၆)

(၁) Division 6.1: Toxic substances

အမျိုးအစား (၆.၁) အဆိပ်ဖြစ်စေသောပစ္စည်းများ

(၂) Division 6.2: Infectious substances

အမျိုးအစား (၆.၂) ကူးစက်ပြန့်ပွားလွယ်သောပစ္စည်းများ

(ဆ) Class 7 Radioactive material

အမျိုးအစား (၇) ရေဒီယိုသတ္တိကြွပစ္စည်းများ

(ဇ) Class 8 Corrosive substances

အမျိုးအစား (၈) လောင်စားသွားစေသည့်ပစ္စည်းများ

(ဈ) Class 9 Miscellaneous dangerous substances and articles

အမျိုးအစား (၉) အခြားအန္တရာယ်ရှိပစ္စည်းများ

မှတ်ချက်။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ၏ အသေးစိတ်အမျိုးအစား သတ်မှတ်ခြင်းကို ADR ၏ Chapter 2.2 ၌ ဖော်ပြထားပါသည်။

# Dangerous Goods Lists (Table A)

| Sr. | Class No | Number |
|---|---|---|
| 1 | Class 1<br>Explosive Substances or Articles | 375 |
| 2 | Class 2<br>Gases | 232 |
| 3 | Class 3<br>Flammable Liquids | 551 |
| 4 | Class 4<br>Flammable Solids, Self-reactive substances and Solid desensitized explosives | 361 |
| 5 | Class 5<br>Oxidizing Substances | 163 |
| 6 | Class 6<br>Toxic Substances | 731 |
| 7 | Class 7<br>Radioactive Material | 25 |
| 8 | Class 8<br>Corrosive Substances | 356 |
| 9 | Class 9<br>Miscellaneous Dangerous Substances and Articles | 41 |
| | **Total** | **2835** |

မှတ်ချက်။ Dangerous Goods List (DGL) ကို (၂)နှစ်တစ်ကြိမ် ပြုပြင်မွမ်းမံလျက်ရှိပြီး ADR (၂၀၁၇)၊ Chapter 3.2 ၏ Table A Table B နှင့် ယခုပူးတွဲပေးပို့သည့် CD တွင် အသေးစိတ်ဖော်ပြထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)

နေပြည်တော်

စာအမှတ်၊ ကဥပ-၃၃၉(ခ)/၂၀၁၈ / ၁၄၁၃

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ မေလ ၇ ရက်

"ညွှန်ကြားချက်- ၁၁ /၁၈"

အကြောင်းအရာ။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) သယ်ဆောင်သည့် မော်တော်ယာဉ်များတွင် ယာဉ်အမှတ်အသား (Vehicle Marking) ၊ ကွန်တိန်နာအမှတ်အသား (Container Marking) နှင့် တိုင်ကီအမှတ်အသား (Tank Marking) တပ်ဆင်ရန်ကိစ္စ

ရည်ညွှန်းချက် ။ (၁) ဤဦးစီးဌာန၏ ၂၈.၃.၂၀၁၈ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၈(ခ)/၂၀၁၈/ ၈၃၆၊ "ရုံးအမိန့်အမှတ်၊ လုပ်ငန်း-၁၀/၁၈"

(၂) ဤဦးစီးဌာန၏ ၂.၅.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၉(ခ)/၂၀၁၇/ ၈၉၈၊ "ညွှန်ကြားချက်-၁၁/၁၇"

၁။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို ကုန်းလမ်းမှ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် ပြည်တွင်း(သို့မဟုတ်)နယ်စပ်ဖြတ်ကျော်၍ မော်တော်ယာဉ်ဖြင့်သယ်ယူပို့ဆောင်ရာ၌ လိုက်နာရမည့်အချက်များအား ရည်ညွှန်းချက် (၁) ပါစာဖြင့် ထုတ်ပြန်ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များသည် အန္တရာယ်ရှိသောကုန်ပစ္စည်းများ တင်ဆောင်လာသည့်ယာဉ်ဖြစ်ကြောင်း သိသာထင်ရှားစေရန် ယာဉ်အမှတ်အသား (Vehicle Marking)၊ ကွန်တိန်နာအမှတ်အသား (Container Marking) နှင့် တိုင်ကီအမှတ်အသား(Tank Marking)များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်-

(က) **ယာဉ်အမှတ်အသား(Vehicle Marking)**။ အန္တရာယ်ရှိသောကုန်ပစ္စည်းများကို သယ်ဆောင်သည့် မော်တော်ယာဉ်များ၏ ရှေ့နှင့်နောက်ဘက်တွင် လိမ္မော်ရောင်သတ္တုပြား အချပ် (Orange-coloured Plate) အား ထင်ရှားမြင်သာနိုင်စေရန် **နောက်ဆက်တွဲ(က)** ပါပုံအတိုင်း တပ်ဆင်ရမည်။ နောက်တွဲယာဉ်ဖြင့် သယ်ဆောင်ပါက အဆိုပါလိမ္မော်ရောင် သတ္တုပြားအချပ် (Orange-coloured Plate) အား နောက်တွဲယာဉ်၏ နောက်ဘက် တွင် တပ်ဆင်ထားရမည်။

(ခ) **ကွန်တိန်နာအမှတ်အသား (Container Marking)**။ အန္တရာယ်ရှိသောကုန်ပစ္စည်း များအား ကွန်တိန်နာဖြင့်သယ်ဆောင်သောအခါ သယ်ဆောင်သောအန္တရာယ်ရှိကုန် ပစ္စည်းအမျိုးအစားနှင့်သက်ဆိုင်သည့် အမှတ်အသားပြအချပ် (Placard) ကို ကွန်တိန်နာ ၏ရှေ့၊နောက်နှင့် ဘေးနှစ်ဘက်တွင်လည်းကောင်း၊ နံပါတ်ပါသော လိမ္မော်ရောင် သတ္တုပြားအချပ် (Numbered Orange Plate) ကို ဘေးနှစ်ဘက်တွင်လည်းကောင်း **နောက်ဆက်တွဲ(ခ)** ပါပုံအတိုင်း တပ်ဆင်ရမည်။

(ဂ) **ထုပ်ပိုးရန်မလိုသောပစ္စည်းများသယ်ယူသည့် ကွန်တိန်နာအမှတ်အသား (Bulk Container Marking)**။ ယာဉ်ပေါ်တွင်အန္တရာယ်ရှိသော ကုန်ပစ္စည်းများအား ထုပ်ပိုးရန်မလိုသောပစ္စည်းများသယ်ယူသည့် ကွန်တိန်နာ (Bulk Container) ဖြင့် သယ်ဆောင်သောအခါ သယ်ဆောင်သည့်အန္တရာယ်ရှိ ကုန်ပစ္စည်းအမျိုးအစားနှင့် သက်ဆိုင် သည့် အမှတ်အသားပြအချပ် (Placard) ကို ၎င်း Bulk Container ၏ ရှေ့၊ နောက်နှင့် ဘေးနှစ်ဘက်တွင်လည်းကောင်း၊ နံပါတ်ပါသောလိမ္မော်ရောင်သတ္တုပြားအချပ် (Numbered Orange Plate) ကို ဘေးနှစ်ဘက်တွင်လည်းကောင်း တပ်ဆင်ရမည်။

(ဃ) **တိုင်ကီအမှတ်အသား (Tank Marking)**။ အန္တရာယ်ရှိသောကုန်ပစ္စည်းများအား တိုင်ကီများဖြင့် သယ်ဆောင်သည့်အခါ အန္တရာယ်ရှိကုန်ပစ္စည်းအမျိုးအစားနှင့် သက်ဆိုင်သည့် အမှတ်အသားပြအချပ်(Placard) နှင့် သယ်ဆောင်သည့်ပစ္စည်းအမျိုး အစားနှင့်သက်ဆိုင်သော အခြားအမှတ်အသားများ (Other Marks) ကို တိုင်ကီ၏

ဘေးနှစ်ဘက်နှင့်နောက်ဘက်တွင်လည်းကောင်း၊ နံပါတ်ပါသောလိမ္မော်ရောင်သတ္တုပြားအချပ် (Numbered Orange Plate) ကို ဘေးနှစ်ဘက်တွင်လည်းကောင်း **နောက်ဆက်တွဲ(ဂ)** ပါပုံအတိုင်းတပ်ဆင်ရမည်။ အကန့်ပါသောတိုင်ကီ (Multi-compartment Tank) များတွင် အကန့်တစ်ခုချင်းစီ၏ဘေးဘက်တွင် သက်ဆိုင်ရာ နံပါတ်ပါသောလိမ္မော်ရောင်သတ္တုပြားအချပ် (Numbered Orange Plate) နှင့် သက်ဆိုင်သည့် အမှတ်အသားပြအချပ် (Placard) များကို တပ်ဆင်ရမည်။

၃။ တပ်ဆင်ရမည့်အမှတ်အသားများဆိုင်ရာသတ်မှတ်ချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လိမ္မော်ရောင်သတ္တုပြားအချပ် (Orange-coloured Plate)။** ယာဉ်ရှေ့နှင့်နောက်တွင် တပ်ဆင်ရမည့် လိမ္မော်ရောင်သတ္တုပြားအချပ်သည် **နောက်ဆက်တွဲ(ဃ)** ပါအတိုင်း ရောင်ပြန်သတ္တုပြားအချပ်ဖြစ်ရမည်ဖြစ်ပြီး အလျား (၄၀) စင်တီမီတာ ၊ အနံ (၃၀) စင်တီမီတာ နှင့် အနက်ရောင်ဘေးအနားသားအကျယ် (၁၅) မီလီမီတာရှိရမည်။ ယာဉ်၏အရွယ်အစားကိုလိုက်၍ လိမ္မော်ရောင်သတ္တုပြားအချပ်(Orange-coloured Plate) ၏ သတ်မှတ်ချက်ကိုအလျား (၃၀) စင်တီမီတာ၊ အနံ (၁၂) စင်တီမီတာနှင့် အနက်ရောင်ဘေးအနားသားအကျယ် (၁၀) မီလီမီတာအထိ ချုံ့နိုင်ပါသည်။ လိမ္မော်ရောင်သတ္တုပြားအချပ် (Orange-coloured Plate) သည် မီးနှင့်ထိတွေ့မှုကြောင့် ကွာကျခြင်း၊ ပြုတ်ထွက်ခြင်းမဖြစ်ဘဲ (၁၅) မိနစ်ခန့်အထိခံနိုင်ရည်ရှိရမည်ဖြစ်ပြီး ရာသီဥတုဒဏ်လည်းခံနိုင်ရည်ရှိရမည်။

(ခ) **အန္တရာယ်ရှိကုန်ပစ္စည်းအမျိုးအစားနှင့်သက်ဆိုင်သည့် အမှတ်အသားပြအချပ် (Placard) ။** ကွန်တိန်နာ(Container)၊ ထုပ်ပိုးရန်မလိုသောပစ္စည်းများ သယ်ယူသည့် ကွန်တိန်နာ(Bulk Container)နှင့် တိုင်ကီ(Tank)တို့၌ တပ်ဆင်ရမည့် အမှတ်အသားပြအချပ်(Placard) သည် **နောက်ဆက်တွဲ(င)** ပါအတိုင်း ၄၅ ဒီဂရီလေးထောင့် (စိန်ပုံသဏ္ဍာန်/မှန်ကူကွက်) ဖြစ်ရမည်။ အနည်းဆုံးအတိုင်းအတာ (Dimensions) သည် ၂၅၀မီလီမီတာ × ၂၅၀မီလီမီတာ ဖြစ်ရမည်။ မှန်ကူကွက်ပုံအနားကွပ်မျဉ်းသည်

Placard အနားသားနှင့် မျဉ်းပြိုင်အနေအထားရှိပြီး ၁၂.၅မီလီမီတာ အကွာရှိရမည်။ Placard အနားသားအတွင်းဘက်ရှိ သင်္ကေတနှင့်မျဉ်းတို့သည် ကုန်ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်ထားသောအမှတ်တံဆိပ် (Label)ရှိသင်္ကေတ၊ မျဉ်းတို့နှင့် အရောင်တူရမည်ဖြစ်ပြီး သင်္ကေတ/ကိန်းဂဏန်းများသည်လည်း အမှတ်တံဆိပ်(Label)ရှိသင်္ကေတ/ကိန်းဂဏန်းများ၏ အရွယ်အစား၊ အနေအထားနှင့် အချိုးကျဖြစ်ရမည်။ Placard ပါ သယ်ဆောင်မည့်ကုန်ပစ္စည်းအမျိုးအစား သတ်မှတ်ချက်နံပါတ်(Class/Division No.) ကို အမှတ်တံဆိပ် (Label) တွင် ပါရှိသည့်အတိုင်းတပ်ဆင်ရမည်ဖြစ်ပြီး ကိန်းဂဏန်း၏အရွယ်အစားမှာအနည်းဆုံး ၂၅ မီလီမီတာရှိရမည်။ ADR (၂၀၁၇)ပါ Chapter 5.2.2.2.2 ၏ Specimen Labels ပါပုံအတိုင်း တပ်ဆင်ရမည်ဖြစ်သည်။

(ဂ) **အခြားအမှတ်အသားများ (Other Marks)**။ အန္တရာယ်ရှိသောကုန်ပစ္စည်းများအား တိုင်ကီများဖြင့်သယ်ဆောင်သည့်အခါ တိုင်ကီ၏ဘေးနှစ်ဘက်နှင့် နောက်ဘက်တွင် အန္တရာယ်ရှိကုန်ပစ္စည်းအမျိုးအစားနှင့်သက်ဆိုင်သည့် အမှတ်အသားပြသတ္တုပြားအချပ် (Placard) နှင့်အတူ လိုအပ်ပါကအခြားအမှတ်အသားများ (Other Marks) ကိုပါ တပ်ဆင်ရမည်။ အဆိုပါ Other Marks များတွင် **နောက်ဆက်တွဲ(စ)** ပါအတိုင်း အပူချိန်မြင့်မားသောပစ္စည်းများအတွက်အမှတ်အသား (Elevated Temperature Substance Mark)၊ ပတ်ဝန်းကျင်ကိုအန္တရာယ်ဖြစ်စေသောပစ္စည်းများအတွက်အမှတ်အသား (Environmentally Hazardous Substance Mark)၊ သတ်မှတ်ပမာဏအတိုင်း ထုပ်ပိုးထားသည့်ပစ္စည်းများအတွက် အမှတ်အသား (Limited Quantities Mark)၊ ပိုးမွှားသေစေရန် ဓာတ်ငွေ့ဖြန်းထားကြောင်း သတိပေးအမှတ်အသား (Fumigation Warning Mark)၊ အအေးပေးရာ၌ သုံးသောအရည်/လေအေးပေးခြင်းနှင့် သက်ဆိုင်သည့် သတိပေးအမှတ်အသား (Coolant/ Conditioning Warning Mark) တို့ပါဝင်ပြီး အောက်ပါအတိုင်း လိုက်နာရပါမည် -

(၁) **အပူချိန်မြင့်မားသောပစ္စည်းများအတွက်အမှတ်အသား (Elevated Temperature Substance Mark)။** ၁၀၀ဒီဂရီဆဲလ်စီယပ်(သို့မဟုတ်)၁၀၀ဒီဂရီ ဆဲလ်စီယပ် အထက်ရှိသောအရည်အခြေအနေ (သို့မဟုတ်) ၂၄၀ ဒီဂရီဆဲလ်စီယပ် (သို့မဟုတ်) ၂၄၀ ဒီဂရီဆဲလ်စီယပ်အထက်ရှိသော အစိုင်အခဲအခြေအနေစသည့် အန္တရာယ် ရှိသောကုန်ပစ္စည်းများအား တိုင်ကီ (သို့မဟုတ်) အထူးတည်ဆောက် တပ်ဆင် ထားသောယာဉ် (Special Equipped Vehicles) (သို့မဟုတ်) ကွန်တိန်နာဖြင့် သယ်ဆောင်မည်ဆိုပါက အပူချိန်မြင့်မားသောပစ္စည်းများအတွက် အမှတ်အသား (Elevated Temperature Mark) အား တိုင်ကီ (သို့မဟုတ်) အထူးတည်ဆောက် တပ်ဆင်ထားသောယာဉ် (Special Equipped Vehicles) (သို့မဟုတ်) ကွန်တိန်နာ၏ ဘေးနှစ်ဘက်နှင့်နောက်ဘက်တွင် တပ်ဆင်ရမည်။

(၂) **ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသောပစ္စည်းများအတွက် အမှတ်အသား (Environmentally Hazardous Substance Mark)။** ADR2.2.9.1.10 ပါ ပတ်ဝန်းကျင်အား ထိခိုက်စေမည့်အန္တရာယ်ရှိသော ကုန်ပစ္စည်းများအား တိုင်ကီ (သို့မဟုတ်) ကွန်တိန်နာဖြင့် သယ်ဆောင်လာမည်ဆိုပါက ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသောပစ္စည်းများအတွက် အမှတ်အသား (Environmentally Hazardous Substance Mark) အား တိုင်ကီ (သို့မဟုတ်) ကွန်တိန်နာ၏ ဘေးနှစ်ဘက်နှင့် နောက်ဘက်တွင် တပ်ဆင်ရမည်။

(၃) **သတ်မှတ်ပမာဏအတိုင်း ထုပ်ပိုးထားသည့် ပစ္စည်းများအတွက် အမှတ်အသား (Limited Quantities (LQ) Mark)။** တင်အား (၁၂) တန်ကျော် Transport Units တစ်စီးတွင် သတ်မှတ်ပမာဏအတိုင်း ထုပ်ပိုးထားသည့် အန္တရာယ်ရှိသော ကုန်ပစ္စည်းများအား သယ်ဆောင်လာပါက Limited Quantities (LQ) Mark အား Transport Units ၏ ရှေ့နှင့်နောက်တွင် တပ်ဆင်ရမည်။ ကွန်တိန်နာဖြင့် သယ်ဆောင်ပါက ကွန်တိန်နာ၏ လေးဘက်လုံးတွင် အဆိုပါ

အမှတ်အသားအား တပ်ဆင်ရမည်။ သို့ရာတွင် အဆိုပါ Transport Unit ၌ သတ်မှတ်ပမာဏအတိုင်း ထုပ်ပိုးထားသည့် အန္တရာယ်ရှိသောကုန်ပစ္စည်းများ အပြင် အခြားအန္တရာယ်ရှိသော ကုန်ပစ္စည်းများကိုပါ ရောနှောသယ်ဆောင်လာပါ က Orange-coloured Plate ကိုဖြစ်စေ (သို့မဟုတ်) Orange-coloured Plate နှင့် LQ mark နှစ်မျိုးလုံးကိုဖြစ်စေ တပ်ဆင်နိုင်သည်။

(၄) **ပိုးမွှားသေစေရန် ဓာတ်ငွေ့ဖြန်းထားကြောင်း သတိပေးအမှတ်အသား (Fumigation Warning Mark)။** Fumigated cargo transport unit (UN 3359) အား အသုံးပြုမည်ဆိုပါက ၄င်းနှင့်သက်ဆိုင်သည့် အမှတ်အသား ပြအချပ် (Placard) အား တပ်ဆင်ရန် မလိုအပ်ဘဲ Fumigation Warning Mark ကိုသာလျှင် မော်တော်ယာဉ် အပေါက် (သို့မဟုတ်) မော်တော်ယာဉ်သို့ ဝင်ထွက်နိုင်သည့်နေရာတွင် မြင်သာအောင် တပ်ဆင်ရမည်။

(၅) **အအေးပေးရာ၌ သုံးသောအရည်/လေအေးပေးခြင်းနှင့် သက်ဆိုင်သည့် သတိပေး အမှတ်အသား (Coolant/ Conditioning Warning Mark)။** Unpacked Dry Ice (UN 1845) (Solid Carbon Dioxide) အား သယ်ဆောင်မည်ဆိုပါက ၄င်းနှင့် သက်ဆိုင်သည့် အမှတ်အသားပြအချပ်(Placard) အား တပ်ဆင်ရန်မလိုအပ်ဘဲ Coolant / Conditioning Warning Mark ကိုသာလျှင် မော်တော်ယာဉ်အပေါက် (သို့မဟုတ်) မော်တော်ယာဉ်သို့ ဝင်ထွက်နိုင်သည့်နေရာတွင် မြင်သာအောင် တပ်ဆင်ရမည်။

(၆) UN (3359) နှင့် UN (1845) တို့အား သယ်ဆောင်သည့် ကိစ္စရပ်များတွင် ADR ၏ အခြားပြဋ္ဌာန်းချက်များကိုလိုက်နာရန်မလိုအပ်ဘဲ ADR ၏ Chapter 5.5 ပါ လိုအပ်ချက်များအတိုင်းလိုက်နာဆောင်ရွက်ရမည်။

(ဃ) **နံပါတ်ပါသောလိမ္မော်ရောင်သတ္တုပြားအချပ် (Numbered Orange Plate)။** နံပါတ်ပါသောလိမ္မော်ရောင်သတ္တုပြားအချပ်သည် **နောက်ဆက်တွဲ(ဆ)**ပါအတိုင်း ရောင်ပြန်

သတ္တုပြားအချပ်ဖြစ်ရမည်ဖြစ်ပြီး အလျား(၄၀)စင်တီမီတာ၊ အနံ(၃၀)စင်တီမီတာနှင့် အနက်ရောင်ဘေးအနားသား အကျယ်(၁၅)မီလီမီတာရှိရမည်။ သတ္တုပြားအချပ်၏ အလယ်တွင်ရှိသော အနက်ရောင်ရေပြင်ညီမျဉ်းသည် (၁၅)မီလီမီတာအထူရှိရမည်။ ရေပြင်ညီမျဉ်း၏အပေါ်ဘက်တွင် အန္တရာယ်ရှိအမှတ်အသားပြနံပါတ် (Hazard Identification Number) ကို လည်းကောင်း၊ အောက်ဘက်တွင် ကုလသမဂ္ဂမှသတ်မှတ်ထားသော အန္တရာယ်ရှိသောကုန်ပစ္စည်းအမျိုးအစားပြနံပါတ် (UN No.) ကိုလည်းကောင်း ဖော်ပြရပါမည်။ အန္တရာယ်ရှိအမှတ်အသားပြနံပါတ် (Hazard Identification Number) နှင့် အန္တရာယ်ရှိသောကုန်ပစ္စည်းအမျိုးအစားပြနံပါတ်(UN No.)တို့သည် အနံ(၁၀၀) မီလီမီတာ နှင့် စာလုံးအထူ(၁၅)မီလီမီတာဖြစ်ရမည်။ နံပါတ်ပါသောလိမ္မော်ရောင်သတ္တုပြားအချပ် (Numbered Orange Plate) သည် မီးနှင့်ထိတွေ့မှုကြောင့် ကွာကျခြင်း၊ ပြုတ်ထွက်ခြင်းမဖြစ်ဘဲ (၁၅) မိနစ်ခန့်အထိ ခံနိုင်ရည်ရှိရမည်ဖြစ်ပြီး ရာသီဥတုဒဏ်လည်းခံနိုင်ရည်ရှိရမည်။ နံပါတ်ပါသောလိမ္မော်ရောင်သတ္တုပြား အချပ် (Numbered Orange Plate) တွင်ပါရှိသည့် အန္တရာယ်ရှိအမှတ်အသားပြနံပါတ်များ (Hazard Identification Number) နှင့်စပ်လျဉ်းသည့် အဓိပ္ပါယ်သတ်မှတ်ချက်များမှာ **နောက်ဆက်တွဲ(ဓ)** ပါအတိုင်း ဖြစ်သည်။ UN Nos. 1202, 1203, 1223,1268,1863 တို့ကဲ့သို့သော အန္တရာယ်ရှိသော ကုန်ပစ္စည်းများအားသယ်ဆောင်လာသည့် Tank Vehicle (သို့မဟုတ်) Transport Units တွင် အန္တရာယ်အရှိဆုံးအရာဝတ္ထု နှင့် သက်ဆိုင်သည့် နံပါတ်ပါသော လိမ္မော်ရောင်သတ္တုပြားအချပ်ကို **နောက်ဆက်တွဲ(ဈ)** ပါအတိုင်း ယာဉ်၏ရှေ့နှင့်နောက်တွင် တပ်ဆင်ရမည်။ အန္တရာယ်ရှိသောကုန်ပစ္စည်းအမျိုးအစားပြနံပါတ် (UN No.) နှင့်စပ်လျဉ်းသည့်သတ်မှတ်ချက်များမှာ ၂၈.၃.၂၀၁၈ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားရေးမှူးချုပ်ရုံးအမိန့်အမှတ်၊ လုပ်ငန်း- ၁၀/၁၈ ၏ **နောက်ဆက်တွဲ(ခ)** ပါ Dangerous Goods List (Table A) တွင် ဖော်ပြထားပြီးဖြစ်ပါသည်။

၄။ သို့ပါ၍ အထက်ပါသတ်မှတ်ချက်များအား ပြည်တွင်းနှင့်နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်မောင်းများနှင့်ယာဉ်လုပ်သားများ သိရှိလိုက်နာနိုင်ရေးအတွက် ပညာပေးခြင်း၊ အသိပေးကြေညာခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို အလေးထားဆောင်ရွက်သွားရန် ညွှန်ကြားပါသည်။

၅။ လက်အောက်ခံရုံးများအနေဖြင့် လက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြားရန်၊ အသင်းများအနေဖြင့် လုပ်ငန်းလုပ်ကိုင်သူများသိရှိရေး ညွှန်ကြားကြပ်မတ် အသိပေးဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

၆။ ရည်ညွှန်းချက်(၂)ပါညွှန်ကြားချက် - ၁၁/၁၇ အား ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၇။ နောက်ဆက်တွဲ (က) မှ နောက်ဆက်တွဲ (ဈ) အထိ CD ဖြင့် ပေးပို့ပါသည်။

ပူးတွဲ။ နောက်ဆက်တွဲ(က) - ၁ ရွက်
နောက်ဆက်တွဲ(ခ) - ၁ ရွက်
နောက်ဆက်တွဲ(ဂ) - ၁ ရွက်
နောက်ဆက်တွဲ(ဃ) - ၁ ရွက်
နောက်ဆက်တွဲ(င) - ၁ ရွက်
နောက်ဆက်တွဲ(စ) - ၃ ရွက်
နောက်ဆက်တွဲ(ဆ) - ၁ ရွက်
နောက်ဆက်တွဲ(ဇ) - ၃ ရွက်
နောက်ဆက်တွဲ(ဈ) - ၁ ရွက်

၇/၅/၂၀

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ထင်ကျော်၊ညွှန်ကြားရေးမှူး)

၁။ ............................ ဦးစီးမှူး။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊

............................ရုံး၊ ......................မြို့။

၂။ ............................ ဦးစီးမှူး။

လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန။

............................ရုံး၊ ......................မြို့။

၃။ ဥက္ကဋ္ဌ၊ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ။

၄။ ဥက္ကဋ္ဌ၊မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။

၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်း။

၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။

၇။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း။

၈။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း။

မိတ္တူကို

(၁) ဥက္ကဋ္ဌ၊ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ။

(၂) ဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

(၃) ဝန်ကြီးရုံး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။

(၄) ဝန်ကြီးရုံး၊ စက်မှုဝန်ကြီးဌာန။

(၅) မြန်မာနိုင်ငံရဲတပ်ဖွဲ့။

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

(၇) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း။

(၈) စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန။

(၉) အကောက်ခွန်ဦးစီးဌာန။

(၁၀) ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။

(၁၁) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး၊ လုပ်ငန်း)။

(၁၂) ညွှန်ကြားရေးမှူး(စီမံ၊ ကမ၊ ကဒ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ၊ ကလ)။

(၁၃) အင်ဂျင်နီယာချုပ်။

(၁၄) ဒုတိယညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများ။

(၁၅) လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများ။

(၁၆) ရုံးချုပ်ရှိဌာနခွဲများ။

(၁၇) လက်ခံစာတွဲ။

(၁၈) မျှောစာတွဲ။




ယာဉ်အမှတ်အသား(Vehicle Marking)တပ်ဆင်ထားသောယာဉ်ပုံ (နမူနာ)

နောက်ဆက်တွဲ (ခ)




ကွန်တိန်နာအမှတ်အသား(Container Marking) တပ်ဆင်ထားသောယာဉ်ပုံ(နမူနာ)




တိုင်ကီအမှတ်အသား(Tank Marking)တပ်ဆင်ထားသောယာဉ်ပုံ (နမူနာ)



လိမ္မော်ရောင်သတ္တုပြားအချပ် (Orange–colored Plate)

၄၀စင်တီမီတာ±၁၀ % × ၃၀စင်တီမီတာ± ၁၀ % ၊
အနက်ရောင်ဘောင်အနားသားအထူ၁၅ မီလီမီတာ(ယာဉ်၏ ရှေ့နှင့်နောက်)

ယာဉ်အရွယ်အစားကိုလိုက်၍ ၃၀စင်တီမီတာ × ၁၂စင်တီမီတာ ၊
အနက်ရောင်ဘောင်အနားသားအထူ ၁၀ မီလီမီတာအထိချုံ့နိုင်သည်။




**အန္တရာယ်ရှိကုန်ပစ္စည်းအမျိုးအစားနှင့်သက်ဆိုင်သည့်အမှတ်တံဆိပ်(Label) (သို့မဟုတ်) အမှတ်အသားပြအချပ် (Placard) (နမူနာပုံစံ)**

အနည်းဆုံးအတိုင်းအတာ (Dimensions) ၂၅၀မီလီမီတာ × ၂၅၀မီလီမီတာ

ချုံ့နိုင်သည့် အတိုင်းအတာ (Dimensions) ၁၀၀မီလီမီတာ × ၁၀၀မီလီမီတာ

မှတ်ချက်။ Dangerous Goods အမျိုးအစား(၉)မျိုးအတွက် အမှတ်တံဆိပ်နမူနာများအား ADR(၂၀၁၇)ပါ Chapter 5.2.2.2 ၏(Label Specimens) တွင် ဖော်ပြထားပါသည်။

## သယ်ဆောင်သည့်ပစ္စည်းအမျိုးအစားနှင့်သက်ဆိုင်သောအခြားအမှတ်အသားများ

(Other Marks)



အပူချိန်မြင့်မားသောပစ္စည်းများအတွက် အမှတ်အသား

(Elevated Temperature Substance Mark)

အနည်းဆုံးအတိုင်းအတာ (Dimensions) ၂၅၀မီလီမီတာ × ၂၅၀မီလီမီတာ

(၁၀၀ မီလီမီတာအထိ လျှော့ချနိုင်သည်)



ပတ်ဝန်းကျင်ကိုအန္တရာယ်ဖြစ်စေသောပစ္စည်းများအတွက် အမှတ်အသား

(Environmentally Hazardous Substance Mark)

အနည်းဆုံးအတိုင်းအတာ (Dimensions) ၂၅၀မီလီမီတာ × ၂၅၀မီလီမီတာ

(၁၀၀ မီလီမီတာအထိ လျှော့ချနိုင်သည်။)



သတ်မှတ်ပမာဏအတိုင်း ထုတ်ပိုးထားသည့် ပစ္စည်းများအတွက် အမှတ်အသား

(Limited Quantities (LQ) Mark)၊

အနည်းဆုံးအတိုင်းအတာ (Dimensions) ၁၀၀ မီလီမီတာ × ၁၀၀ မီလီမီတာ




Fumigation warning mark

ပိုးမွှားသေစေရန် ဓာတ်ငွေ့ဖြန်းထားကြောင်းသတိပေးအမှတ်အသား

(Fumigation Warning Mark)

အနည်းဆုံးအတိုင်းအတာ (Dimensions) ၄၀၀ မီလီမီတာ × ၃၀၀ မီလီမီတာ




**Coolant/conditioning Warning Mark for vehicles and container**

**အအေးပေးရာ၌သုံးသောအရည် / လေအေးပေးခြင်းနှင့်သက်ဆိုင်သည့် သတိပေးအမှတ်အသား (မော်တော်ယာဉ် နှင့် ကွန်တိန်နာအတွက်)**

အနည်းဆုံးအတိုင်းအတာ (Dimensions) ၁၅၀မီလီမီတာ × ၂၅၀မီလီမီတာ

(*) တွင် Dangerous Goods List (Table A) ၏ Column (2) တွင်ဖော်ပြထားသော အမည်အား ရေးသွင်းရမည်။ စာလုံးများအားလုံးသည် Capital Letter များဖြစ်ရမည်ဖြစ်ပြီး စာလုံးအမြင့်မှာ အနည်းဆုံး (၂၅) မီလီမီတာရှိရမည်။

(**) တွင် "AS COOLANT" (သို့မဟုတ်) "AS CONDITIONER" ဟူ၍ ရေးသွင်းရမည်ဖြစ်သည်။

"WARNING" ဆိုသည့် စာလုံးအား အနီရောင် (သို့မဟုတ်) အဖြူရောင်ဖြင့် ရိုက်နှိပ်ထားရမည်ဖြစ်ပြီး စာလုံးအမြင့်မှာ အနည်းဆုံး (၂၅) မီလီမီတာရှိရမည်။




နံပါတ်ပါသောလိမ္မော်ရောင်သတ္တုပြားအချပ် (Numbered Orange Plate) (နမူနာ)

မှတ်ချက်။ နံပါတ်ပါသောလိမ္မော်ရောင်သတ္တုပြားအချပ်၏ အရွယ်အစားအား ± ၁၀% ခွင့်ပြုနိုင်သည်။

# သက်ဆိုင်ရာအဓိပ္ပာယ်များအလိုက် ယှဉ်တွဲသတ်မှတ်ထားသောအန္တရာယ်ရှိအမှတ်အသားပြနံပါတ်များ (Hazard Identification Numbers)

| | |
|---|---|
| 20 | asphyxiant gas or gas with no subsidiary risk |
| 22 | refrigerated liquefied gas, asphyxiant |
| 223 | refrigerated liquefied gas, flammable |
| 225 | refrigerated liquefied gas, oxidizing (fire-intensifying) |
| 23 | flammable gas |
| 238 | gas, flammable corrosive |
| 239 | flammable gas, which can spontaneously lead to violent reaction |
| 25 | oxidizing (fire-intensifying) gas |
| 26 | toxic gas |
| 263 | toxic gas, flammable |
| 265 | toxic gas, oxidizing (fire-intensifying) |
| 268 | toxic gas, corrosive |
| 28 | gas, corrosive |
| 30 | flammable liquid (flash-point between 23 °C and 60 °C, inclusive) or flammable liquid or solid in the molten state with a flash-point above 60 °C, heated to a temperature equal to or above its flash-point, or self-heating liquid |
| 323 | flammable liquid which reacts with water, emitting flammable gases |
| X323 | flammable liquid which reacts dangerously with water, emitting flammable gases[1] |
| 33 | highly flammable liquid (flash-point below 23 °C) |
| 333 | pyrophoric liquid |
| X333 | pyrophoric liquid which reacts dangerously with water[1] |
| 336 | highly flammable liquid, toxic |
| 338 | highly flammable liquid, corrosive |
| X338 | highly flammable liquid, corrosive, which reacts dangerously with water[1] |
| 339 | highly flammable liquid which can spontaneously lead to violent reaction |
| 36 | flammable liquid (flash-point between 23 °C and 60 °C, inclusive), slightly toxic, or self-heating liquid, toxic |
| 362 | flammable liquid, toxic, which reacts with water, emitting flammable gases |
| X362 | flammable liquid toxic, which reacts dangerously with water, emitting flammable gases[1] |
| 368 | flammable liquid, toxic, corrosive |
| 38 | flammable liquid (flash-point between 23 °C and 60 °C, inclusive), slightly corrosive or self-heating liquid, corrosive |
| 382 | flammable liquid, corrosive, which reacts with water, emitting flammable gases |
| X382 | flammable liquid, corrosive, which reacts dangerously with water, emitting flammable gases[1] |
| 39 | flammable liquid, which can spontaneously lead to violent reaction |
| 40 | flammable solid, or self-reactive substance, or self-heating substance |
| 423 | solid which reacts with water, emitting flammable gases, or flammable solid which reacts with water, emitting flammable gases or self-heating solid which reacts with water, emitting flammable gases |
| X423 | solid which reacts dangerously with water, emitting flammable gases, or flammable solid which reacts dangerously with water, emitting flammable gases, or self-heating solid which reacts dangerously with water, emitting flammable gases[1] |
| 43 | spontaneously flammable (pyrophoric) solid |
| X432 | spontaneously flammable (pyrophoric) solid which reacts dangerously with water, emitting flammable gases[1] |
| 44 | flammable solid, in the molten state at an elevated temperature |
| 446 | flammable solid, toxic, in the molten state, at an elevated temperature |
| 46 | flammable or self-heating solid, toxic |
| 462 | toxic solid which reacts with water, emitting flammable gases |
| X462 | solid which reacts dangerously with water, emitting toxic gases[1] |
| 48 | flammable or self-heating solid, corrosive |
| 482 | corrosive solid which reacts with water, emitting flammable gases |
| X482 | solid which reacts dangerously with water, emitting corrosive gases[1] |
| 50 | oxidizing (fire-intensifying) substance |

[1] *Water not to be used except by approval of experts.*

| | |
|---|---|
| 539 | flammable organic peroxide |
| 55 | strongly oxidizing (fire-intensifying) substance |
| 556 | strongly oxidizing (fire-intensifying) substance, toxic |
| 558 | strongly oxidizing (fire-intensifying) substance, corrosive |
| 559 | strongly oxidizing (fire-intensifying) substance, which can spontaneously lead to violent reaction |
| 56 | oxidizing substance (fire-intensifying), toxic |
| 568 | oxidizing substance (fire-intensifying), toxic, corrosive |
| 58 | oxidizing substance (fire-intensifying), corrosive |
| 59 | oxidizing substance (fire-intensifying) which can spontaneously lead to violent reaction |
| 60 | toxic or slightly toxic substance |
| 606 | infectious substance |
| 623 | toxic liquid, which reacts with water, emitting flammable gases |
| 63 | toxic substance, flammable (flash-point between 23 °C and 60 °C, inclusive) |
| 638 | toxic substance, flammable (flash-point between 23 °C and 60 °C, inclusive), corrosive |
| 639 | toxic substance, flammable (flash-point not above 60 °C) which can spontaneously lead to violent reaction |
| 64 | toxic solid, flammable or self-heating |
| 642 | toxic solid, which reacts with water, emitting flammable gases |
| 65 | toxic substance, oxidizing (fire-intensifying) |
| 66 | highly toxic substance |
| 663 | highly toxic substance, flammable (flash-point not above 60 °C) |
| 664 | highly toxic solid, flammable or self-heating |
| 665 | highly toxic substance, oxidizing (fire-intensifying) |
| 668 | highly toxic substance, corrosive |
| X668 | highly toxic substance, corrosive, which reacts dangerously with water[1] |
| 669 | highly toxic substance which can spontaneously lead to violent reaction |
| 68 | toxic substance, corrosive |
| 69 | toxic or slightly toxic substance, which can spontaneously lead to violent reaction |
| 70 | radioactive material |
| 78 | radioactive material, corrosive |
| 0 | corrosive or slightly corrosive substance |
| X80 | corrosive or slightly corrosive substance, which reacts dangerously with water[1] |
| 823 | corrosive liquid which reacts with water, emitting flammable gases |
| 83 | corrosive or slightly corrosive substance, flammable (flash-point between 23 °C and 60 °C, inclusive) |
| X83 | corrosive or slightly corrosive substance, flammable, (flash-point between 23 °C and 60 °C, inclusive), which reacts dangerously with water[1] |
| 839 | corrosive or slightly corrosive substance, flammable (flash-point between 23 °C and 60 °C inclusive) which can spontaneously lead to violent reaction |
| X839 | corrosive or slightly corrosive substance, flammable (flash-point between 23 °C and 60 °C inclusive), which can spontaneously lead to violent reaction and which reacts dangerously with water[1] |
| 84 | corrosive solid, flammable or self-heating |
| 842 | corrosive solid which reacts with water, emitting flammable gases |
| 85 | corrosive or slightly corrosive substance, oxidizing (fire-intensifying) |
| 856 | corrosive or slightly corrosive substance, oxidizing (fire-intensifying) and toxic |
| 86 | corrosive or slightly corrosive substance, toxic |
| 88 | highly corrosive substance |

[1] *Water not to be used except by approval of experts.*

| | |
|---|---|
| X88 | highly corrosive substance, which reacts dangerously with water[1] |
| 883 | highly corrosive substance, flammable (flash-point between 23 °C and 60 °C inclusive) |
| 884 | highly corrosive solid, flammable or self-heating |
| 885 | highly corrosive substance, oxidizing (fire-intensifying) |
| 886 | highly corrosive substance, toxic |
| X886 | highly corrosive substance, toxic, which reacts dangerously with water[1] |
| 89 | corrosive or slightly corrosive substance, which can spontaneously lead to violent reaction |
| 90 | environmentally hazardous substance; miscellaneous dangerous substances |
| 99 | miscellaneous dangerous substance carried at an elevated temperature. |

မှတ်ချက်။ UN No တစ်ခုချင်းစီ၏ Hazard Identification Numbersများအား ADR ပါ Dangerous Goods List ၏ Column 20 တွင် ဖော်ပြထားသည်။

[1] *Water not to be used except by approval of experts.*

<u>နောက်ဆက်တွဲ(ဈ)</u>



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

စာအမှတ်၊ ကဥပ- ၃၃၉(ခ) /၂၀၁၈/ ၄၈၉
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇွန်လ ၂၇ ရက်

"ညွှန်ကြားချက်- ၁၃/၁၈"

အကြောင်းအရာ။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို ကုန်းလမ်းမှ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းအတွက် သက်ဆိုင်ရာ အမျိုးအစား အလိုက် ခွဲခြားပြသရန် အထုပ်အပိုးများတွင် တံဆိပ်ကပ်ခြင်း (Labelling of Packages)

ရည်ညွှန်းချက် ။ (၁) ဤဦးစီးဌာန၏ ၂၈.၃.၂၀၁၈ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၈(ခ)/၂၀၁၈/ ၈၃၆၊ ရုံးအမိန့်အမှတ်၊ လုပ်ငန်း- ၁၀/၁၈
(၂) ဤဦးစီးဌာန၏ ၃.၅.၂၀၁၈ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၉(ခ)/၂၀၁၈/ ၁၄၁၃၊ ညွှန်ကြားချက်- ၁၁/၁၈
(၃) ဤဦးစီးဌာန၏ ၂.၅.၂၀၁၇ ရက်စွဲပါစာအမှတ်၊ကဥပ-၃၃၉(ခ)/၂၀၁၇/ ၈၉၉၊ညွှန်ကြားချက်-၁၂/၁၇

၁။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို ကုန်းလမ်းမှ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းအတွက် ADR ၏အခန်း (၃.၂) ပါဇယား A နှင့် ဇယား B တို့အရ အမျိုးအစား သတ်မှတ်ခြင်းနှင့် လိုက်နာရန်အချက်များအား ရည်ညွှန်း(၁) ပါစာဖြင့်လည်းကောင်း၊ အန္တရာယ်ရှိသော ကုန်ပစ္စည်းများ (Dangerous Goods) သယ်ဆောင်သည့် မော်တော်ယာဉ်များတွင် ယာဉ်အမှတ် အသား (Vehicle Marking)၊ ကွန်တိန်နာအမှတ်အသား (Container Marking) နှင့် တိုင်ကီ အမှတ်အသား(Tank Marking) တပ်ဆင်ရန်ကိစ္စအား ရည်ညွှန်း(၂)ပါစာဖြင့်လည်းကောင်း ထုတ်ပြန် ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်(၁)ပါစာဖြင့်ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကိုသယ်ဆောင်ရာ၌ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် သက်ဆိုင်ရာအမျိုးအစား အလိုက် ခွဲခြားပြသရန် အထုပ်အပိုးများတွင် တံဆိပ် (Label) များနှင့် အမှတ်အသား (Mark) များ အား **နောက်ဆက်တွဲ(က) ပါ** အတိုင်းတပ်ဆင်ထားရှိပြီးမှသာ သယ်ယူပို့ဆောင်ရမည်ဖြစ်ပါသည်။

၃။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ကုန်ပစ္စည်းအထုပ်အပိုးများ၌ တပ်ဆင် ရမည့် တံဆိပ် (Label) များသည် ၄၅ ဒီဂရီလေးထောင့် (စိန်ပုံသဏ္ဍာန်/မှန်ကူကွက်) ဖြစ်သည်။ အနည်းဆုံးအရွယ်အစား (dimension) မှာ 100 mm × 100mm ဖြစ်သည်။ မှန်ကူကွက်ပုံ အနားကွပ်မျဉ်း၏ အနည်းဆုံးဖြက်မှာ 2mm ရှိရမည်။ မှန်ကူကွက်ပုံ အနားကွပ်မျဉ်းသည် တံဆိပ် (Label) အနားသားနှင့် မျဉ်းပြိုင်အနေအထားရှိကာ 5mm အကွာ ရှိရမည်။ တံဆိပ် (Label)

အပေါ်တစ်ဝက်ရှိ မှန်ကူကွက်ပုံ အနားကွပ်မျဉ်းသည် သင်္ကေတနှင့် အရောင်တူရမည်။ တံဆိပ် (Label) အောက်တစ်ဝက်ရှိ မှန်ကွက်ပုံအနားကွပ်မျဉ်း၏ အရောင်သည် အောက်ခြေထောင့်ရှိ Class number (သို့မဟုတ်) Division number နှင့် အရောင်တူရမည်။




Figure 5.2.2.2.1.1

၄။ တူညီသောအထုပ်အပိုးတစ်ခုတည်းတွင် မတူညီသောအန္တရာယ်ရှိကုန်ပစ္စည်းများ စုပေါင်းထုပ်ပိုးထားပါက ကုန်ပစ္စည်းအမျိုးအစားအလိုက် တံဆိပ်(Label) နှင့် အမှတ်အသား(Mark) အသီးသီး တပ်ဆင်ရမည်။ IBCs (Intermediate Bulk Container) များတွင် ၎င်းတို့၏ ဘေးနှစ်ဖက်စလုံး၌ တံဆိပ် (Label) နှင့်အမှတ်အသား(Mark) များ တပ်ဆင်ရမည်။UN 1950 (aerosols) အတွက် "Aerosols" ဟူသည့် စာသားပါရှိရမည်။ UN 3077 နှင့် UN 3082 ကဲ့သို့ ပတ်ဝန်းကျင်အား အန္တရာယ်ရှိစေသောပစ္စည်းများအတွက် Environmentally Hazardous Substance Mark တပ်ဆင်ရမည်။ ပလတ်စတစ်ပါးဖြင့် မြဲမြံစွာထုပ်ပိုးထားသည့် အထုပ်အပိုးအတွင်းရှိ အန္တရာယ်ရှိ ကုန်ပစ္စည်းများအား မမြင်တွေ့နိုင်သည့်အခြေအနေမျိုးတွင် "OVERPACK" စာသားအား သက်ဆိုင်ရာ UN နံပါတ်အလိုက် တံဆိပ်(Label) နှင့်အမှတ်အသား(Mark) များနှင့်အတူတကွ တပ်ဆင်ရမည်။ Class 2 အမျိုးအစားဓာတ်ငွေ့သယ်ဆောင်သည့် Gas Cylinder များတွင် Dangerous Goods List (Table A) ၏ Column 5 ပါ အတိုင်း တံဆိပ်(Label) တပ်ဆင် ရမည်။

၅။ အထုပ်အပိုးအမျိုးအစားနှင့်အရာဝတ္ထုအလိုက် မှန်ကန်သောတံဆိပ် (Label) များ တပ်ဆင်ရမည်။ တံဆိပ် (Label) များ တစ်ခုထက်ပိုမိုလိုအပ်ပါက ဘေးချင်းယှဉ်၍ ကပ်ထားရမည်။ တံဆိပ် (Label)ကပ်ရန် အဆင်မပြေသည့်အနေအထားတွင် စာတမ်းကတ်ပြား (Tag)ကို ချိတ်ဆွဲ၍ ဖြစ်စေ၊ အခြားသင့်လျော်သည့် နည်းလမ်းဖြင့်ဖြစ်စေ ဖော်ပြထားရမည်။ UN နံပါတ်တစ်ခုချင်းစီအတွက် တံဆိပ် (Label) များအား ADR ပါ Dangerous Goods List (Table-A) ၏ Column 5 အတိုင်း ဆောင်ရွက်ရမည်။

၆။ ယာဉ်ပိုင်ရှင်များအနေဖြင့် အပိုဒ် (၂)၊(၃)၊(၄) ပါအတိုင်း လိုက်နာဆောင်ရွက်ထားသော အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကိုသာ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်နိုင်သည်။

၇။ အထက်ပါသတ်မှတ်ချက်များအပေါ် ပြည်တွင်းနှင့်နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်မောင်းများနှင့် ယာဉ်လုပ်သားများ သိရှိလိုက်နာနိုင်ရေးအတွက် ပညာပေးခြင်း၊အသိပေးကြေညာခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို အလေးထားဆောင်ရွက် သွားရန် ညွှန်ကြားပါသည်။

၈။ လက်အောက်ခံရုံးများအနေဖြင့် လက်ခံရရှိကြောင်းနှင့်နားလည်သဘောပေါက်ကြောင်း ပြန်ကြား ရန်နှင့် အသင်းများအနေဖြင့် လုပ်ငန်းလုပ်ကိုင်သူများသိရှိရေး ညွှန်ကြားကြပ်မတ်အသိပေး ဆောင်ရွက် သွားရန် အကြောင်းကြားပါသည်။

၉။ ရည်ညွှန်းချက်(၃) ပါ ညွှန်ကြားချက်-၁၂/၁၇ အား ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက် လိုက်သည်။

၁၀။ နောက်ဆက်တွဲ (က) အား CD ဖြင့် ပေးပို့ပါသည်။

**ပူးတွဲ။** CD (၁) ချပ်

၂၇/၆/၁၈

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ထင်ကျော်၊ညွှန်ကြားရေးမှူး)

27/6/18

၁။ ............................. ဦးစီးမှူး။
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
.............................ရုံး၊ .................မြို့။

၂။ ............................. ဦးစီးမှူး။
လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန။
.............................ရုံး၊ .................မြို့။

၃။ ဥက္ကဋ္ဌ၊ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ။

၄။ ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။

၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဓါတုစက်မှုကုန်ထုတ်လုပ်သူများအသင်း။

၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။

၇။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း။

၈။ ဥက္ကဋ္ဌ၊မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း။

မိတ္တူကို

(၁) ဥက္ကဋ္ဌ၊ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ။
(၂) ဝန်ကြီးရုံး၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။
(၃) ဝန်ကြီးရုံး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။
(၄) ဝန်ကြီးရုံး၊ စက်မှုဝန်ကြီးဌာန။
(၅) မြန်မာနိုင်ငံရဲတပ်ဖွဲ့။
(၆) မီးသတ်ဦးစီးဌာန။
(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။
(၈) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း။
(၉) စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန။
(၁၀) အကောက်ခွန်ဦးစီးဌာန။
(၁၁) ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။
(၁၂) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး၊ လုပ်ငန်း)။
(၁၃) ညွှန်ကြားရေးမှူး(စီမံ၊ ကမ၊ ကဒ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ၊ ကလ)။
(၁၄) အင်ဂျင်နီယာချုပ်။
(၁၅) ဒုတိယညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများအားလုံး။
(၁၆) လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများအားလုံး။
(၁၇) ရုံးချုပ်ရှိဌာနခွဲများ။
(၁၈) လက်ခံစာတွဲ။
(၁၉) မျှောစာတွဲ။

**အန္တရာယ်ရှိသောကုန်ပစ္စည်း အမျိုးအစား (၉) မျိုးအလိုက် တပ်ဆင်ရမည့် တံဆိပ် (Label) များ**

**၁။ Class 1 Explosives**

**အမျိုးအစား (၁) ပေါက်ကွဲစေတတ်သောပစ္စည်းများ**




Divisions 1.1, 1.2 and 1.3

သင်္ကေတ (ပေါက်ကွဲစေတတ်သည့်ဗုံး) - အနက်ရောင်။

အောက်ခံအရောင်- လိမ္မော်ရောင်။ “1” သည် အောက်ခြေထောင့်တွင်ရှိရမည်။










(No. 1.4) Division 1.4

(No. 1.5) Division 1.5

(No. 1.6) Division 1.6

နောက်ခံအရောင်- လိမ္မော်ရောင်၊ စာလုံးအရောင်- အနက်ရောင်၊ နံပါတ်များသည် အမြင့် ၃၀ မီလီမီတာ၊ အထူ ၅ မီလီမီတာခန့် ရှိရမည် (၁၀၀ မီလီမီတာ × ၁၀၀ မီလီမီတာ အတိုင်းအတာရှိ တံဆိပ် (Label) တစ်ခုအတွက်) ။“1” သည် အောက်ခြေထောင့်တွင်ရှိရမည်။

**၂။ Class 2 Gases**

**အမျိုးအစား (၂) ဓါတ်ငွေ့များ**

(က) Division 2.1: Flammable gases

အမျိုးအစား(၂.၁) မီးလောင်လွယ်စေသော ဓါတ်ငွေ့များ




(No. 1.2)




သင်္ကေတ- မီးတောက်။ မီးတောက်အရောင်- အနက် (သို့) အဖြူ။

အောက်ခံအရောင်- အနီရောင်။ “2” သည် အောက်ခြေထောင့်တွင်ရှိရမည်။

(ခ) Division 2.2: Non-flammable, non-toxic gases

အမျိုးအစား (၂.၂) မီးမလောင်သော၊ အဆိပ်အတောက် မဟုတ်သော ဓါတ်ငွေ့များ




(No. 2.2)




သင်္ကေတ- အငွေ့ထည့်ထားသည့်ဆလင်ဒါ။ အရောင် - အဖြူ(သို့)အနက်။
အောက်ခံအရောင် - အစိမ်း။ "2" သည် အောက်ခြေထောင့်တွင်ရှိရမည်။

(ဂ) Division 2.3: Toxic gases

အမျိုးအစား (၂.၃) အဆိပ်အတောက်ဖြစ်စေသော ဓါတ်ငွေ့များ




(No.2.3)

သင်္ကေတ- ဦးခေါင်းခွံနှင့် ကြက်ခြေခတ်အရိုး။ အရောင်-အနက်
အောက်ခံအရောင်- အဖြူ။ "2" သည် အောက်ခြေထောင့်တွင်ရှိရမည်။

၃။ **Class 3** **Flammable liquids and liquid desensitized explosives**

**အမျိုးအစား (၃)** **မီးလောင်လွယ်သောအရည်များနှင့် ဓါတ်ပြုမှုမရှိဘဲ ပေါက်ကွဲနိုင်သည့် အရည်**




(N0.3)




သင်္ကေတ- မီးတောက်။ မီးတောက်အရောင်- အဖြူ (သို့) အနက်။ အောက်ခံအရောင်- အနီ။
"3" သည် အောက်ခြေထောင့်တွင်ရှိရမည်။

၄။ **Class 4**

**အမျိုးအစား (၄)**

(က) Division 4.1: Flammable solids, self - reactive substances, and solid desensitized explosives

အမျိုးအစား (၄.၁) မီးလောင်လွယ်သော အစိုင်အခဲများ၊ ကိုယ်တိုင်ဓါတ်ပြုနိုင်သော ပစ္စည်းများနှင့် ဓါတ်ပြုမှုမရှိဘဲပေါက်ကွဲနိုင်သည့် အစိုင်အခဲများ




(No.41)

သင်္ကေတ- မီးတောက်။ မီးတောက်အရောင်- အနက်
အောက်ခံအရောင်- အနီရောင်ဒေါင်လိုက်မျဉ်း(၇)ကြောင်းနှင့်အတူ အဖြူရောင် အောက်ခံ
"4" သည် အောက်ခြေထောင့်တွင်ရှိရမည်။

(ခ) Division 4.2: Substances liable to spontaneous combustion

အမျိုးအစား (၄.၂) အလိုအလျောက်မီးလောင်စေနိုင်သော ပစ္စည်းများ




(N0. 4.2)

သင်္ကေတ- မီးတောက်။ မီးတောက်အရောင် - အနက်
အောက်ခံအရောင်-အပေါ်ပိုင်းတစ်ဝက်မှာအဖြူရောင်ဖြစ်ပြီးအောက်ပိုင်းမှာအနီရောင်
"4" သည် အောက်ခြေထောင့်တွင်ရှိရမည်။

(ဂ) Division 4.3: Substances which in contact with water emit flammable gases

အမျိုးအစား (၄.၃) ရေနှင့်ထိတွေ့သောအခါ မီးလောင်စေနိုင်သော ဓါတ်ငွေ့ထွက်လာသည့် ပစ္စည်းများ




(No. 4.3)

သင်္ကေတ- မီးတောက်။ မီးတောက်အရောင် - အဖြူ(သို့)အနက်။ အောက်ခံအရောင်- အပြာ။
"4" သည် အောက်ခြေထောင့်တွင်ရှိရမည်။

၅။ **Class 5**

**အမျိုးအစား (၅)**

(က) Division 5.1: Oxidizing Substances

အမျိုးအစား (၅.၁) အောက်ဆီဂျင်နှင့် ဓါတ်ပြုနိုင်သော ပစ္စည်းများ




(No. 5.1)

သင်္ကေတ- စက်ဝိုင်းပုံသဏ္ဍာန်အပေါ်ရှိမီးတောက်။ မီးတောက်အရောင် -အနက်။
အောက်ခံအရောင် - အဝါ ။
"5.1" သည် အောက်ခြေထောင့်တွင်ရှိရမည်။

(ခ) Division 5.2: Organic peroxides

အမျိုးအစား (၅.၂) အော်ဂဲနစ်ဒြပ်ပေါင်းစုများ







(No. 5.2)

သင်္ကေတ- မီးတောက်။ မီးတောက်အရောင် -အဖြူ (သို့) အနက်။
အောက်ခံအရောင်- အပေါ်ပိုင်းတစ်ဝက်သည် အနီရောင်ဖြစ်ပြီး
အောက်ပိုင်းတစ်ဝက်သည် အဝါရောင်။
"5.2" သည် အောက်ခြေထောင့်တွင်ရှိရမည်။

၆။ **Class 6**

အမျိုးအစား (၆)

(က) Division 6.1: Toxic substances

အမျိုးအစား (၆.၁) အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ




(N0. 6.1)

သင်္ကေတ- ဦးခေါင်းခွံနှင့် ကြက်ခြေခတ်အရိုး။ အရောင် -အနက်။
အောက်ခံအရောင် - အဖြူ။ "6" သည် အောက်ခြေထောင့်တွင်ရှိရမည်။

(ခ) Division 6.2: Infectious substances

အမျိုးအစား (၆.၂) ရောဂါကူးစက်လွယ်သော ပစ္စည်းများ




(No. 6.2)

တံဆိပ် (Label) ၏ အောက်ပိုင်းတစ်ဝက်တွင် "INFECTIOUS SUBSTANCE" ဟု ဖော်ပြပေးရမည်ဖြစ်ကာ ထိခိုက်ပျက်စီးခြင်း၊ ယိုစိမ့်ခြင်းများ ဖြစ်ပေါ်ပါက ပြည်သူ့ကျန်းမာရေးအာဏာပိုင်အဖွဲ့ (ဥပမာ-မြန်မာနိုင်ငံရှိ ကုသရေး ဦးစီးဌာန ) သို့ အကြောင်းကြားရမည်။

သင်္ကေတ- စက်ဝိုင်း၊ ယင်းပေါ်ရှိ လခြမ်းပုံသဏ္ဍာန် (၃)ခုနှင့် ဖော်ပြချက်များ။

အရောင် - အနက်။

အောက်ခံအရောင် - အဖြူ။

"6" သည် အောက်ခြေထောင့်တွင်ရှိရမည်။

၇။ **Class 7** **Radioactive Material**

**အမျိုးအစား (၇)** **ရေဒီယိုသတ္တိကြွပစ္စည်း**




(No. 7A)

Category I - အဖြူရောင်။

သင်္ကေတ - Trefoil ပုံသဏ္ဍာန်။ အရောင် - အနက် ။

အောက်ခံအရောင် - အဖြူ။

စာသားများအား တံဆိပ် (Label) ၏ အောက်ပိုင်းတစ်ဝက်တွင် အနက်ရောင်ဖြင့် ထည့်သွင်းပေးရမည်။

ဥပမာ- 'RADIOACTIVE'

'CONTENTS....'

'ACTIVITY......'

အနီရောင် ဘားတန်းအား 'RADIOACTIVE' စကားလုံး၏ နောက်တွင်ထားပေးရမည်။







(No.7B)
Category II - အဝါရောင်

(No.7C)
Category III - အဝါရောင်

သင်္ကေတ- Trefoil ပုံသဏ္ဍာန်။ အရောင် - အနက်။

အောက်ခံအရောင်-အပေါ်ပိုင်းတစ်ဝက်သည် အဖြူရောင်အနားသတ်မျဉ်းနှင့်အတူ အဝါရောင်၊ အောက်ပိုင်းတစ်ဝက်သည် အဖြူရောင်။

စာသားများအား တံဆိပ် (Label) ၏အောက်ပိုင်းတစ်ဝက်တွင် အနက်ရောင်ဖြင့် ထည့်သွင်းပေးရမည်။

ဥပမာ- 'RADIOACTIVE'

'CONTENTS....'

'ACTIVITY......'

အနက်ဘောင်မျဉ်းနှင့် စတုဂံပုံအတွင်းတွင် 'TRANSPORT INDEX' ဟုဖော်ပြရမည်။

(No.7B) တွင် အနီရောင်ဘားတန်းနှစ်တန်းအား 'RADIOACTIVE' စကားလုံး၏ နောက်တွင်ထားပေးရမည်။

(No.7C) တွင် အနီရောင်ဘားတန်းသုံးတန်းအား 'RADIOACTIVE' စကားလုံး၏ နောက်တွင်ထားပေးရမည်။

"7" သည် အောက်ခြေထောင့်တွင်ရှိရမည်။




(No. 7E)

Class 7 ပေါက်ကွဲစေနိုင်သော အက်တမ်ယိုစိမ့်ပစ္စည်း

နောက်ခံအရောင် - အဖြူ။

စာသားများအား တံဆိပ် (Label) ၏အပေါ်ပိုင်းတစ်ဝက်တွင် အနက်ရောင်ဖြင့်

ထည့်သွင်းပေးရမည်။

ဥပမာ- 'FISSILE'

အညွှန်း၏ အောက်တစ်ဝက်ရှိ အနက်ဘောင်မျဉ်းနှင့် စတုဂံပုံအတွင်းတွင်

'CRITICALITY SAFETY INDEX' ဟုဖော်ပြရမည်။

"7" သည် အောက်ခြေထောင့်တွင်ရှိရမည်။

၈။ **Class 8** **Corrosive substances**

**အမျိုးအစား (၈)** **ပျက်စီးတိုက်စားစေနိုင်သော ပစ္စည်းများ**




(No. 8)

သင်္ကေတ - ဖန်ခွက်နှစ်ခွက်မှ စီးကျလာသည့် အရည်များ။

လက်ပုံသဏ္ဌာန်နှင့် သတ္တုများ၏အရောင် - အနက်။

နောက်ခံအရောင် - အပေါ်ပိုင်းတစ်ဝက်သည် အဖြူရောင်ဖြစ်ပြီး

အောက်ပိုင်းတစ်ဝက်သည်အဖြူရောင် ဘောင်မျဉ်း နှင့် အနက်ရောင် နောက်ခံရောင်။

"8" သည် အောက်ခြေထောင့်တွင်ရှိရမည်။

၉။ Class 9 Miscellaneous dangerous substances and articles

အမျိုးအစား (၉) အမျိုးမျိုးသော အန္တရာယ်ရှိသည့်အရာဝတ္ထုများနှင့် ပစ္စည်းများ



(No. 9)

သင်္ကေတ - အပေါ်ပိုင်းတစ်ဝက်ရှိ ဒေါင်လိုက်မျဉ်း(၇) ကြောင်း။

အရောင် - အနက်။

နောက်ခံအရောင် - အဖြူ။

"9" သည် အောက်ခြေထောင့်တွင်ရှိရမည်။

ထပ်ဆောင်းတပ်ဆင်ရမည့် အမှတ်အသား (Mark) များ

၁။ ပတ်ဝန်းကျင်ကိုအန္တရာယ်ဖြစ်စေသောပစ္စည်းများ (Environmentally Hazardous Substances) အတွက် အမှတ်အသား (Mark)



၎င်းအမှတ်အသားသည် အထက်ပုံပါအတိုင်း ၄၅ ဒီဂရီ မှန်ကူကွက်ပုံဖြစ်ရမည်။ ငါးနှင့် သစ်ပင်ပုံသည် အနက်ရောင်နှင့် နောက်ခံအဖြူရောင်ဖြစ်ရမည် (သို့မဟုတ်) အဖြူရောင်နှင့် အနက်ရောင်ကို ပြောင်းလဲအသုံးပြုနိုင်သည်။ အနည်းဆုံးအတိုင်းအတာ ၁၀၀ မီလီမီတာ× ၁၀၀ မီလီမီတာ ရှိရမည်။ မှန်ကူကွက်ပုံ အနားသတ်မျဉ်း၏ အနည်းဆုံးဖြက်သည် ၂ မီလီ မီတာရှိရမည်။ အထုပ်အပိုး၏ အရွယ်အစားအလိုက် အမှတ်အသား (Mark) အား ကောင်းစွာမြင်နိုင်သည့် အတိုင်းအတာအထိ လျှော့ချနိုင်သည်။

၂။ သတ်မှတ်ပမာဏအတိုင်း ထုတ်ပိုးထားသည့် ပစ္စည်းများအတွက် အမှတ်အသား

(Limited Quantities (LQ) Mark)



၎င်းအမှတ်အသားသည် အထက်ပုံပါအတိုင်း ၄၅ ဒီဂရီ မှန်ကူကွက်ပုံဖြစ်ရမည်။ မှန်ကူကွက်၏ အထက်ပိုင်း၊ အောက်ပိုင်းနှင့် ဘေးအနားသတ်မျဉ်းသည် အနက်ရောင်ဖြစ်ရမည်။ အနည်းဆုံးအတိုင်းအတာ ၁၀၀ မီလီမီတာ× ၁၀၀ မီလီမီတာ ရှိရမည်။မှန်ကူကွက်ပုံ အနားသတ်မျဉ်း၏ အနည်းဆုံးဖြက်သည် ၂ မီလီမီတာ ရှိရမည်။ အထုပ်အပိုး၏ အရွယ်အစားအလိုက် အမှတ်အသား အား ကောင်းစွာမြင်နိုင်သည့် အတိုင်းအတာ (၅၀ မီလီမီတာ× ၅၀ မီလီမီတာ) အထိ လျှော့ချနိုင်သည်။ အနားသတ်မျဉ်း၏ဖြက်အား အနည်းဆုံးအတိုင်းအတာ ၁ မီလီမီတာအထိ လျှော့ချနိုင်သည်။

## ၃။ လီသီယမ်ဘက်ထရီအမှတ်အသား (Lithium Battery Mark)




၎င်းအမှတ်အသားသည် အထက်ပုံပါအတိုင်း ထောင့်မှန်စတုဂံပုံဖြစ်ရမည်။ အနားသတ်မျဉ်းသည် လိုင်းပြတ်များဖြင့်ပုံဖော်ထားရမည်။ အတိုင်းအတာသည် အကျယ်အားဖြင့် အနည်းဆုံး ၁၂၀ မီလီမီတာ၊ အမြင့်သည် အနည်းဆုံး ၁၁၀ မီလီမီတာနှင့် အနားသတ်မျဉ်း၏ ဖြက်သည် ၅ မီလီမီတာရှိရမည်။ ထောင့်မှန်စတုဂံအတွင်းရှိ သင်္ကေတများသည် အောက်ခံအဖြူရောင်ပေါ်တွင် အနက်ရောင်ဖြစ်ရမည်။ အနားသတ်မျဉ်းသည် အနီရောင်ဖြစ်ရမည်။ အထုပ်အပိုး၏အရွယ်အစားကို လိုက်၍ အနည်းဆုံးအတိုင်းအတာအနေဖြင့် ၁၀၅ မီလီမီတာအကျယ်× ၇၄မီလီ မီတာ အမြင့်အထိ လျှော့ချနိုင်သည်။ အတိုင်းအတာများအား တိတိကျကျသတ်မှတ်ဖော်ပြထားခြင်းမရှိပါက အထုပ်အပိုး၏ အရွယ်အစားပေါ်မူတည်၍ သင့်လျော်မည့်အတိုင်းအတာဖြင့် ဖော်ပြနိုင်သည်။

၎င်းအမှတ်အသားအား Special Provision 188 နှင့်အညီ ထုပ်ပိုးထားသည့် Lithium Cell သို့မဟုတ် ဘက်ထရီများ ပါဝင်သည့် အထုပ်အပိုးများတွင် တပ်ဆင်ရမည်။ အထုပ်အပိုးတစ်ခုအတွင်း၌ UN နံပါတ်အမျိုးမျိုးရှိသည့် Lithium Cells (ဓာတ်ခဲအချို့တွင်သုံးသည့် နူးညံ့ပျော့ပါးသော ငွေရောင်ဒြပ်စင်) သို့မဟုတ် ဘက်ထရီများ ပါဝင်သည့်အခါ သက်ဆိုင်ရာ UN နံပါတ်အလိုက် အမှတ်အသားတစ်ခုချင်းစီတွင် ထည့်သွင်းဖော်ပြထားရမည်။

## ၄။ အနေအထားပြအမှတ်အသား

**(Orientation Arrows Mark)**





၎င်းအမှတ်အသားအား အထက်ပုံပါအတိုင်း အထုပ်၏ဘေးနှစ်ဖက်တွင် ဒေါင်လိုက် တပ်ဆင်ရမည်။ ၎င်းတို့သည် ထောင့်မှန်စတုဂံပုံရှိရမည်ဖြစ်ပြီး ကောင်းစွာမြင်နိုင်ပြီး အချိုးကျသော အရွယ်အစားရှိရမည်။ ထောင့်မှန်စတုဂံ၏ ဘေးအနားသတ်မျဉ်းအား စိတ်ကြိုက်ရေးဆွဲနိုင်သည်။ ၎င်းအမှတ်အသားအား ADR ၏ 5.2.1.10.2 တွင် ဖော်ပြထားသည့်အခြေအနေများမှလွဲ၍ အောက်ပါအခြေအနေများတွင် တပ်ဆင်ရမည်-

(၁) အရည်ပါဝင်သည့် အထုပ်အပိုးတစ်ခုချင်းအလိုက် စုပေါင်း၍ထည့်ထားသည့် အထုပ်အပိုးများ၊

(၂) လေဝင်လေထွက်အပေါက်များဖြင့် ပြုလုပ်ထုပ်ပိုးထားသည့် အထုပ်အပိုးများ ၊

(၃) အအေးခံထားသော Liquified Gas များ သယ်ဆောင်လာသည့် Cryogenic Receptacle (အအေးဓာတ်လွန်ကဲစွာ ထုတ်လွှတ်ထားသည့် ကွန်တိန်နာ) များ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)
နေပြည်တော်

စာအမှတ်၊ ကဥပ-၃၃၉ (ခ) /၂၀၁၈ / ၈၄၁
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်

"ညွှန်ကြားချက်- ၂၀/၁၈"

အကြောင်းအရာ။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်းသည့်ကုန်တင်ခြင်း(Loading)နှင့်ကုန်ချခြင်း(Unloading) ဆိုင်ရာကိစ္စ

ရည်ညွှန်းချက် ။ (၁) ဤဦးစီးဌာန၏ ၂၈.၃.၂၀၁၈ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၈(ခ)/၂၀၁၈/ ၈၃၆၊ "ရုံးအမိန့်အမှတ်၊ လုပ်ငန်း- ၁၀/၁၈"

(၂) ဤဦးစီးဌာန၏ ၃.၅.၂၀၁၈ ရက်စွဲပါစာအမှတ်၊ ကဥပ-၃၃၉(ခ)/၂၀၁၈/ ၁၄၁၃၊ "ညွှန်ကြားချက်- ၁၁/၁၈"

(၃) ဤဦးစီးဌာန၏ ၂၇.၆.၂၀၁၈ ရက်စွဲပါစာအမှတ်၊ကဥပ-၃၃၉(ခ)/၂၀၁၈/ ၄၈၉ ၊ "ညွှန်ကြားချက်-၁၃/၁၈"

(၄) ဤဦးစီးဌာန၏ ၁.၆.၂၀၁၇ ရက်စွဲပါစာအမှတ်၊ကဥပ-၃၃၉(ခ)/၂၀၁၇/ ၁၃၆၁၊ "ညွှန်ကြားချက်-၁၆/၁၇"

၁။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကိုကုန်းလမ်းမှ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းအတွက် ADR၏ အခန်း(၃.၂) ပါ ဇယား A နှင့် ဇယား B တို့အရ အမျိုးအစား သတ်မှတ်ခြင်းနှင့် လိုက်နာရမည့် အချက်များအား ရည်ညွှန်း(၁) ပါစာဖြင့်လည်းကောင်း၊ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) သယ်ဆောင်သည့် မော်တော်ယာဉ်များတွင် ယာဉ်အမှတ်အသား (Vehicle Marking)၊ ကွန်တိန်နာအမှတ်အသား (Container Marking)၊ တိုင်ကီအမှတ်အသား (Tank Marking) တပ်ဆင်ရန်ကိစ္စအား ရည်ညွှန်း(၂) ပါစာဖြင့်လည်းကောင်း၊ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို ကုန်းလမ်းမှ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းအတွက် သက်ဆိုင်ရာအမျိုးအစားအလိုက် ခွဲခြားပြသရန် အထုပ်အပိုးများတွင် တံဆိပ်ကပ်ခြင်း( Labelling of Packages) အား ရည်ညွှန်း(၃) ပါစာဖြင့်လည်းကောင်း ထုတ်ပြန်ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ရည်ညွှန်း(၁) ပါစာဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို သယ်ဆောင်ရာ၌ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် သက်ဆိုင်ရာ အမျိုး

အစားအလိုက် **နောက်ဆက်တွဲ(က)** ပါ ကုန်တင်ခြင်း(Loading) နှင့် ကုန်ချခြင်း(Unloading) ဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ **နောက်ဆက်တွဲ(က)** ပါ သတ်မှတ်ချက်များအပေါ် ပြည်တွင်းနှင့်နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်မောင်းများနှင့် ယာဉ်လုပ်သားများ သိရှိလိုက်နာနိုင်ရေးအတွက် ပညာပေးခြင်း၊ အသိပေးကြေညာခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို အလေးထားဆောင်ရွက်သွားရန် ညွှန်ကြားပါသည်။

၄။ လက်အောက်ခံရုံးများအနေဖြင့် လက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြားရန်နှင့် အသင်းများအနေဖြင့် လုပ်ငန်းလုပ်ကိုင်သူများသိရှိရေး ညွှန်ကြားကြပ်မတ် အသိပေး ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

၅။ ရည်ညွှန်းချက်(၄) ပါ ညွှန်ကြားချက်-၁၆/၁၇ အား ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**ပူးတွဲ။** နောက်ဆက်တွဲ(က) - (၅) ရွက်

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ရီရီမြင့်၊ ညွှန်ကြားရေးမှူး)

၁။ ............................ **ဦးစီးမှူး။**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊**
............................**ရုံး၊** ................**မြို့။**

၂။ ............................ **ဦးစီးမှူး။**
**လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန။**
............................**ရုံး၊** ................**မြို့။**

**၃။ ဥက္ကဋ္ဌ၊ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ။**
**၄။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။**
**၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဓါတုစက်မှုကုန်ထုတ်လုပ်သူများအသင်း။**
**၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း။**
**၇။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း။**
**၈။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း။**

မိတ္တူကို

(၁) ဥက္ကဋ္ဌ၊ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ။
(၂) ဝန်ကြီးရုံး၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။
(၃) ဝန်ကြီးရုံး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။
(၄) ဝန်ကြီးရုံး၊ စက်မှုဝန်ကြီးဌာန။
(၅) မြန်မာနိုင်ငံရဲတပ်ဖွဲ့။
(၆) မီးသတ်ဦးစီးဌာန။
(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။
(၈) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း။
(၉) စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန။
(၁၀) အကောက်ခွန်ဦးစီးဌာန။
(၁၁) ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။
(၁၂) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး၊ လုပ်ငန်း)။
(၁၃) ညွှန်ကြားရေးမှူး(စီမံ၊ ကမ၊ ကဒ၊ ဘဏ္ဍာရေး၊ ကွန်ပျူတာ၊ ကလ)။
(၁၄) အင်ဂျင်နီယာချုပ်။
(၁၅) ဒုတိယညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများအားလုံး။
(၁၆) လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဆင့်တူအရာထမ်းများအားလုံး။
(၁၇) ရုံးချုပ်ရှိဌာနခွဲများ။
(၁၈) လက်ခံစာတွဲ။
(၁၉) မျှောစာတွဲ။

<u>နောက်ဆက်တွဲ(က)</u>

## အန္တရာယ်ရှိသောကုန်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်းအတွက် ကုန်တင်ခြင်းနှင့်ကုန်ချခြင်း ဆိုင်ရာ သတ်မှတ်ချက်များ

**ကုန်တင်သူ (Loader)**

ကုန်တင်သူဆိုသည်မှာ အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်၊ တိုင်ကီ (သို့မဟုတ်) ကွန်တိန်နာပေါ်သို့ ကုန်တင်ခြင်းတွင် ပါဝင်လုပ်ဆောင်သူဖြစ်သည်။

**ကုန်ချသူ (Unloader)**

ကုန်ချသူဆိုသည်မှာ မော်တော်ယာဉ်၊ တိုင်ကီ (သို့မဟုတ်) ကွန်တိန်နာပေါ်မှ အန္တရာယ်ရှိသော ကုန်ပစ္စည်းများကို သယ်ချသူ၊ ရွှေ့ပြောင်းသူဖြစ်သည်။

**ကုန်တင်သူလိုက်နာရမည့်အချက်များ**

၁။ စာရွက်စာတမ်းများ၊ ယာဉ်နှင့်ယာဉ်ပေါ်ပါကုန်ပစ္စည်းများ၊ ယာဉ်မောင်းနှင့်သက်ဆိုင်သည့် အသိအမှတ်ပြုလက်မှတ်နှင့် အန္တရာယ်ကင်းရှင်းစေရေးသယ်ဆောင်ရမည့်ကိရိယာများသည် ပြဋ္ဌာန်းထားသည့် အချက်များနှင့် ကိုက်ညီမှုရှိမှသာကုန်တင်ခြင်း(Loading) အားလုပ်ဆောင်ရမည်။

၂။ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ(National Transport Facilitation Committee-NTFC) က သယ်ဆောင်ရန်အတွက် ခွင့်ပြုပြီးသောကုန်ပစ္စည်းများဖြစ်ရမည်။

၃။ ကုန်ပစ္စည်းထုပ်ပိုးမှုပုံစံစနစ်များ ပျက်စီးချို့ယွင်းမှုရှိ/မရှိ စစ်ဆေးရမည်။ လုံခြုံစိတ်ချရမှု မရှိပါက (သို့မဟုတ်) ပျက်စီးချို့ယွင်းနေပါက တင်ဆောင်ခြင်း မပြုရ။

၄။ ကုန်ပစ္စည်းများအား ကွန်တိန်နာပေါ်သို့တင်ပြီးသည့်အခါ ဤဦးစီးဌာနမှထုတ်ပြန်ထားသည့် ၃.၅.၂၀၁၈ ရက်စွဲပါစာအမှတ်၊ ကဉပ -၃၃၉(ခ)/ ၂၀၁၈/ ၁၄၁၃ ၊ "ညွှန်ကြားချက်-၁၁/၁၈" ပါ အတိုင်း လိုက်နာရမည်။

၅။ အန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို စားသောက်ကုန်၊ အခြားအသုံးအဆောင်ပစ္စည်းများ ၊ တိရိစ္ဆာန်အစားအစာများနှင့် ပေါင်းစပ်၍ တင်ဆောင်ခြင်း မပြုရ။

၆။ ကုန်တင်သူသည် အောက်ပါအချက်များအား စိစစ်ရမည်-

(က) ကုန်ပစ္စည်းအထုပ်အပိုးများတွင် ပါရှိသည့် အညွှန်းပြမြားများ ညွှန်းဆိုထားသည့် အနေအထားအတိုင်း ထားသိုထားခြင်း ရှိ/မရှိ၊

(ခ) အရည်ပါသောကုန်များအား ကုန်ခြောက်များ၏ အောက်ဘက်တွင် ထားသိုထားခြင်း ရှိ/မရှိ၊

(ဂ) ကုန်များအား သတ်မှတ်ထားသည့် အလေးချိန်အတိုင်း တင်ဆောင်ထားခြင်း ရှိ/မရှိ၊

(ဃ) အကာအရံဖြင့် ထားသိုထားခြင်း ရှိ/မရှိ။

## ကုန်ချသူလိုက်နာရမည့်အချက်များ

၁။ ကုန်ချရာတွင် သယ်ယူပို့ဆောင်မှုအထောက်အထားများနှင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာ ကိုက်ညီသည့် ကုန်ပစ္စည်းများကိုသာ ကုန်ချရမည်။

၂။ ကုန်ချသည့်အခါ ယာဉ်ပေါ်ပါရှိပစ္စည်းများသည် အန္တရာယ်ရှိနိုင်သည့် ပုံသဏ္ဍာန်အနေအထား ရှိ/မရှိ (ဥပမာ-အထုပ်အပိုးများပေါက်ပြဲပျက်စီးခြင်းရှိ/မရှိ) စစ်ဆေးရမည်ဖြစ်ပြီး ထိုကဲ့သို့ အခြေအနေ ဖြစ်ပေါ်နေပါက သင့်လျော်သည့်လုံခြုံရေးအစီအမံများ ဆောင်ရွက်ပြီးသည်အထိ ကုန်ချခြင်းကို စောင့်ဆိုင်းထားရမည်။

၃။ ကုန်ချခြင်းနှင့်သက်ဆိုင်သည့် လိုအပ်ချက်များအားလုံးကို လိုက်နာဆောင်ရွက်ရမည်။

၄။ ကုန်ချပြီးနောက် ယာဉ် (သို့မဟုတ်) ကွန်တိန်နာအတွင်းရှိ အန္တရာယ်ရှိကုန်ပစ္စည်း အကြွင်း အကျန်များအား သင့်လျော်သည့်နေရာ၌ အပြန်ဆုံးသန့်ရှင်းရေးပြုလုပ်ရမည်ဖြစ်ပြီး ဘားများ (Valves)၊ အပေါက်များ (Openings) ပိတ်ရန်လည်း စိစစ်ရမည်။

၅။ ကုန်ချပြီးသည့်အခါနှင့်သန့်ရှင်းရေးပြုလုပ်ပြီးသည့်အခါမှသာ ယာဉ်၊ ကွန်တိန်နာနှင့် တိုင်ကီ တို့တွင် တပ်ဆင်ထားသော သက်ဆိုင်ရာအန္တရာယ်ရှိအမှတ်အသား (Danger Marking) များအား ဖယ်ရှားရမည်။

၆။ ကုန်ချရန်တာဝန်ရှိသူသည် သန့်ရှင်းရေးသမားအပါအဝင် ကုန်ချနေသည့်အခြားသူများ အားလုံးကို ADR ပါ သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် ညွှန်ကြားရမည်။

၇။ ကုန်ချခြင်းတွင်မပါဝင်သည့် ကုန်ပစ္စည်းများကိုလည်း လုံခြုံစိတ်ချစေရေး ဆောင်ရွက်ရမည်။

